ပြန်လည်ကြွလာခြင်း သတင်းကောင်း

February 2021

HERALD *OF HIS* COMING

ဘုရားသခင်ကို ကိုးကွယ်သောသူတို့သည်၊ နံဝိညာဉ်နှင့် ၎င်း၊ သစ္စာနှင့်၎င်း ကိုးကွယ်ရမည်ဟု မိန့်တော်မူ၏။ (ယော ၄း၂၄)

ဘုရားသခင်ကို ကိုးကွယ်ခြင်း

(True Worship Of God)

By R. A. Torrey

ကိုးကွယ်ခြင်းမှာ အဘယ်အရာနည်း။

“ထိုလူများတို့သည် ယုံကြ၏။ ထာဝရဘုရားသည် ကျသရေလအမျိုးသားတို့ကို အကြည့်အရှုကြတော်မူသည်ကိုဎ၊ သူတို့ခံရသော ဆင်းရဲခြင်းကို မှတ်တော်မူသည်ကိုဎ ကြားသောအခါ၊ ဦးညွှတ်ချ၍ ကိုးကွယ်ကြ၏” (ထွက် ၄း၁၃)။

“ထိုသို့မီးကျ၍ ထာဝရဘုရား၏ ဘုန်းတော်သည် အိမ်တော်ပေါ်မှာ သက်ရောက် သည်ကို ကျသရေလ အမျိုးသားအပေါင်းတို့သည် မြင်လျှင်၊ ကျောက်ခင်းအရပ်၌ မြေပေါ်မှာ ဦးချပြပ်ဝပ်လျက် ကောင်းမြတ်တော်မူသည်၊ ကရုဏာတော်အစဉ်အမြဲ တည်သည်ဟု ထာဝရဘုရားကို ကိုးကွယ်၍ ဂုဏ်တော်ကို ချီးမွမ်းကြ၏”(ဖရာ ဂး၃)။

“ယောရှဖတ်သည် မြေပေါ်မှာဦးချ၍ ယုဒပြည် သူယေရုရှလင်မြို့သား အပေါင်းတို့သည် ထာဝရဘုရား ရှေ့တော်၌ ပြပ်ဝပ်လျက်၊ ထာဝရဘုရားကို ကိုးကွယ် ကြ၏” (ဖရာ ၂၀း၁၈)။

“ဧဇရသည် မြတ်စွာ ဘုရား သခင် ထာဝရ ဘုရားကို ကောင်းကြီးပေး၏။ လူ အပေါင်းတို့က အာမင်၊ အာမင်ဟု လက်တို့ကို ချီလျက်၊ ဝန်ခံ၍ ဦးချပြပ်ဝပ်လျက် ထာဝရ ဘုရားကို ကိုးကွယ်ကြ၏” (နေဟမိ ၈း၆)။

ကိုးကွယ်ခြင်းဟူသည်မှာ ကိုးကွယ်ခြင်းခံရသူရှေ့မှောက်၌ ကြည်ညိုလေးစားစွာဖြင့် စိတ်နှိမ့်ချစွာရှိခိုးခြင်းဖြစ်သည်။ ဘုရားသခင်ကို ကိုးကွယ်ခြင်းဟူသည်မှာ ကိုယ်တော်ရှေ့မှောက်၌ မိမိကိုယ် ကိုယ်နှိမ့်ချက်လျက် ရှိခိုးခြင်း ဖြစ်သည်။

"ကိုးကွယ်ခြင်း"စကားလုံးသည် ယေဘုယျအားဖြင့် ပေါ့ပေါ့တန်တန်၊ ကျမ်းစာ နှင့် မညီညွတ်သောအရာအဖြစ် သတိမမူဘဲ အသုံးပြုလေ့ရှိသည်။ ဥပမာ အားဖြင့် ဘုရားသခင်၏နေ့ရက်နံနက်အချိန်နှင့်နေ့ခင်းအချိန်များတွင် အစည်းအဝေး ကျင်းပပြု လုပ်ခြင်းကို "လူထုကိုးကွယ်ခြင်း"အဖြစ် ကျွန်ုပ် တို့ပြောတတ်ကြသည်။ သို့ရာတွင် ထိုသို့ ပြုလုပ်ခြင်းများသည် ကိုးကွယ်ခြင်းဟု မဆိုနိုင်ပေ။ ကျမ်းစာဖတ်၍ အာရုံပြုခြင်းကို ကိုးကွယ်ခြင်းဟူ၍ လည်းမခေါ်နိုင်ပေ။ ထိုအရာများသည် ကိုးကိုယ်ခြင်းသို့ လမ်းပြ နိုင်သော်လည်း ကိုးကွယ်ခြင်းမဟုတ်ပေ။ တရားဒေသနာ ကြားနာခြင်းသည်လည်း ကိုးကွယ် ခြင်းမဟုတ်ပေ။ ဆုတောင်းခြင်းသည် ကိုးကွယ်ခြင်း မဟုတ်ပေ။ ဤ အရာများသည် ကိုးကွယ်ခြင်းနှင့်ဒွန်တွဲ၊ တွဲဖက်နိုင်သော်လည်း ကိုးကွယ်ခြင်း မဟုတ်ပေ။

ဓမ္မသီ ချင်းသီဆိုခြင်းသည် ကိုးကွယ်ခြင်းအတွက် မရှိမဖြစ်လိုအပ်သောအရာ၊ အခြေခံလည်း မဟုတ်ပေ။ ကိုးကွယ်ခြင်း၌ ဓမ္မသီချင်းများ စိတ်ပါလက်ပါ၊ သင့်တော်စွာ ကျူးဇျီးမွမ်းနိုင်သော်လည်း ကိုးကွယ်ခြင်းမဟုတ်ပေ။ သို့သော် ယင်းတို့သည် ဓမ္မ သီချင်းများ ကျူးဇခြင်း သက်သက်ဖြစ်သည်။

ကျမ်းစာတွင် ကိုးကွယ်ခြင်းသည် စိတ်ဓါတ်ရေးရာလုပ်ဆောင်ခြင်း၊ အပြု အမူတစ်ခုအဖြစ် တိကျ ရှင်းလင်းစွာဖော်ပြထားသည်။ ဘုရားသခင်ကို ကြိုညို လေးစား ခြင်းအားဖြင့် ကိုယ်တော်၏ မျက် မှောက်တော်၌ စိတ်နှလုံးသားနှိမ့်ချလျက် ကိုးကွယ်ရမည်ဖြစ်သည်။ ဓမ္မဟောင်းကျမ်းတွင် "ကိုးကွယ်ခြင်း"ဟေဗြဲ ဘာသာစကားလုံး မူရင်း ၏ အနက်အဓိပ္ပါယ်မှာ "ဦးညွတ်ချခြင်း၊ ရှိခိုးခြင်း" အဖြစ် ဘာသာ ပြန်ဆိုထားပါသည်။

"ဆုတောင်းသောအခါ ကျွန်ုပ်တို့သည် မိမိလိုအပ်မှုများကို တောင်းလျှောက် ကြသည်။ ကျေးဇူးတော်ချီးမွမ်းသောအခါ ကျွန်ုပ်တို့သည် ကောင်းကြီးမင်္ဂလာများကို ရေတွက်ချီးမွမ်းကြသည်။ ကိုးကွယ် သောအခါ ကျွန်ုပ်တို့သည် ကိုယ်တော်၏ မျက်မှောက်တော်ကို ခံစားရခြင်းဖြစ်သည်။"

ကိုးကွယ်ခြင်းခံထိုက်သူ

"ယေရှုကလည်း အချင်းစာတန်၊ ငါ့နောက်သို့ဆုတ်လော့။ သင်၏ ဘုရား သခင်ထာဝရဘုရားကို ကိုးကွယ်ရမည်။ ထိုဘုရားသခင်ကိုသာ ဝတ်ပြုရမည် ကျမ်းစာ လာသည်ဟု မိန့်တော်မူ၏" (မသဲ ၄း၁၀)။

ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ဘုရားသခင်နှင့်ကိုယ်တော်တစ်ပါးတည်းသာလျှင် ကိုးကွယ်သင့်သည်။ ကျွန်ုပ်တို့သည် လူများကို လေးစားနိုင်ပါသည်။ ကျွန်ုပ်တို့သည် ဘုရားတစ်ပါးတည်းသာလျှင် ကိုးကွယ်ရမည်ဖြစ်သည်။ သန့်ရှင်းမြင့်မြတ်သောလူသား၊ သန့်ရှင်းသူ၊ နှင့် ကောင်းကင် တမန်များကို မကိုးကွယ်ရပေ။

“ပေတရုရောက်လာသောအခါ ကော်နေလိသည် ခရီးဦးကြိုပြု၍၊ ပေတရု၏ ခြေရင်း၌ပြပ်ဝပ်လျက် ကိုးကွယ်လေ၏။ ပေတရုသည် သူ့ကိုချီပင့်လျက်၊ ထလော့။ ငါကိုယ်တိုင် လူဖြစ်သည်ဟုဆို၏” (တမန် ၁၀း၂၅-၂၆)။

“ငါယောဟန်သည် ဤအရာများကို ကြားမြင်၏။ ကြားမြင်ပြီးလျှင်၊ ထို အရာများကို ပြသော ကောင်းကင် တမန်၏ ခြေရင်း၌ကိုးကွယ်အံ့သောငှါ ပြပ်ဝပ်၏။ သူကလည်း၊ မပြုပါနှင့်။ ငါကား၊ သင်၏ လုပ်ဘော်ဆောင်ဘက်ဖြစ်၏။ သင်၏ အစ်ကိုပရောဖက်တို့နှင့် ဤ စာစောင်၏စကားကို စောင့်ရှောက်သောသူတို့၏ လုပ်ဘော် ဆောင်ဘက်လည်းဖြစ်၏။ ဘုရားသခင်ကို ကိုးကွယ်လော့ဟု ပြောဆို၏” (ဗျာဒိတ် ၂၂း၈-၉)။

ကျွန်ုပ်တို့သည် ခမည်းတော်နှင့် သခင်ယေရှုခရစ်တော်ကို ကိုးကွယ်သင့်သည်။ မဿဲ ၄း၁၀ “ယေရှုကလည်း အချင်းစာတန်၊ ငါ့နောက်သို့ဆုတ်လော့။ သင်၏ ဘုရား သခင် ထာဝရဘုရားကို ကိုးကွယ်ရမည်။ ထိုဘုရားသခင်ကိုသာ ဝတ်ပြုရမည် ကျမ်းစာ လာသည်ဟု မိန့်တော်မူ၏” အရ ကျွန်ုပ်တို့သည် သခင်ယေရှုခရစ်တော်ကို ကိုးကွယ် ခြင်း၌ မည်သို့ သင့်မြတ်ခြင်းရရှိကြမည်နည်း။
“သေမကလည်း၊ အကျွန်ုပ်၏အရှင်၊ အကျွန်ုပ်၏ ဘုရားသခင်ပါတကားဟု ပြန်၍လျှောက်၏” (ယောဟန် ၂၀း၂၈)။ သခင်ယေရှု ခရစ်တော်သည် ကျွန်ုပ်တို့၏ ဘုရား သခင်ဖြစ်တော်မူသည်။

ကိုးကွယ်ခြင်း၏ တာဝန်

“ယေရှုကလည်း အချင်းစာတန်၊ ငါ့နောက်သို့ဆုတ်လော့။ သင်၏ ဘုရားသခင် ထာဝရ ဘုရားကို ကိုးကွယ်ရမည်။ ထိုဘုရားသခင်ကိုသာ ဝတ်ပြုရမည် ကျမ်းစာ လာသည်ဟု မိန့်တော်မူ၏ ” (မဿဲ ၄း၁၀)။

“တနည်းကား၊ သားဦးကို ဤလောကသို့ သွင်းတော်မူသောအခါ၊ ဘုရားသခင်၏ ကောင်းကင် တမန်အပေါင်းတို့သည် ထိုသူကို ပြတ်ဝပ်ကိုးကွယ်ကြစေဟု လာသတည်း ”(ဟေဗြဲ ၁း၆)။

ဘုရား သခင်နှင့်ခရစ်တော်ကို ကိုးကွယ်ရန် မိန့်ဆိုထားခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုရား သခင်ကို ကိုးကွယ်ရကြမည်ဖြစ်သည်။ ကိုယ်တော်တစ်ပါး တည်းသာလျှင် ကိုးကွယ်ခြင်းကို

ထိုက်တန်တော်မူသည်။ ကျွန်ုပ်တို့သည် လူများကို ချစ်သင့်သည်။ မိဘများကို နာခံရကြမည်။ ဘုရားသခင်ကို ကိုးကွယ်ရကြမည်။ ကျွန်ုပ်တို့သည် ပထမဦးဆုံးတာဝန်မှာ ကိုယ်တော်ကို ကိုးကွယ်ခြင်း ဖြစ်သည်။ ကိုယ်တော်သည် သန့်ရှင်းသောအရှင်၊ သဗ္ဗညုတ္တညာဏ်တော်ရှင်၊ အနန္တတန်ခိုးရှင်၊ ထာဝရအရှင်၊ ပြည့်စုံတော်မူသောအရှင်ဖြစ်တော်မူသည်။ ကျွန်ုပ်တို့သည် မှန်ကန်သော စိတ်ထားဖြင့် ကိုယ်တော်၏ မျက်မှောက်တော်၌ ရှိခိုးရမည်။ ကိုယ်တော်၏ မျက်မှောက် တော်၌ ချီတက်ရကြမည်။ ကိုယ်တော်၏ အနန္တမေတ္တာတော်နှင့် ဘုန်းအာနုဘော်တော်၊ ကြီးမြတ်တော်မူခြင်း၊ ကိုယ်တော်၏ ဖြစ်ခြင်းအတွက် ကိုယ်တော့်ကို ကိုးကွယ်ရ ကြမည်ဖြစ်သည်။

ကျွန်ုပ်တို့သည် ကိုယ်တော်၏ဖြစ်ခြင်းအတိုင်းမကိုးကွယ်လျှင် ကိုယ်တော်ကို မှန်ကန်စွာကိုးကွယ်ခြင်းမဟုတ်ပေ။ ကိုယ်တော့်ကိုနာခံခြင်း၊ ကိုယ်တော်ထံ ဆုတောင်းခြင်း၊ ကိုယ်တော်ထံလှည့်၍ ကျေးဇူးတော်ချီးမွမ်းခြင်း၊ ကိုယ်တော့်၏ အစေခံ ခြင်းနှင့်အလိုတော်အတိုင်းအသက်ရှင်ခြင်းသည် မလုံ လောက်သေးပါ။ ကျွန်ုပ်တို့သည် ကိုယ်တော့်ကို ကိုးကွယ်ရကြမည် ဖြစ်သည်။

သင်သည် ဘုရားသခင်ကို ကိုးကွယ်ခဲ့ဖူးသလော။ သင်သည် ကိုယ်တော့်ကို စိတ်နှလုံးကြည်ဖြူခြင်း၊ ရိုးရိုးကိုးကွယ်ခြင်း၊ ကိုယ်တော့်မျက်မှောက်တော်၌ တိတ်ဆိတ် စွာနေ၍ ကိုယ်တော်၏ ဖြစ်ခြင်း နှင့်အညီ နေ့စဉ်နေ့တိုင်း အချိန်မည်မျှအသုံးပြု သနည်း။

“ကိုးကွယ်သောသူမှန်သမျှတို့သည် ခမည်းတော်ကို နံဝိညာဉ်နှင့်ဎင်း၊ သစ္စာ တရားနှင့်ဎင်း၊ ကိုးကွယ်ရမည့်အချိန်ကာလသည်လာ၍ ယခုပင်ရောက် လျက်ရှိ၏။ အကြောင်းမူကား၊ ထိုသို့ ကိုးကွယ် သောသူတို့ကို ခမည်းတော်သည် အလိုရှိတော်မူ၏” (ယောဟန် ၄း၂၃)။

ဘုရားသခင်သည် စစ်မှန်သောကိုးကွယ်သူများကို ရှာဖွေတော်မူသည်။ အထက် တွင်ဖော်ပြထားသည့်အတိုင်း လူသားများထံမှ ဘုရားသခင် မြော်လင့်လိုအပ် တော်မူ သောအရာမှာ ကိုးကွယ်ခြင်းဖြစ်သည်။ ဘုရားသခင်သည် လူသားများ၏ နာခံခြင်းကို အလိုရှိတော်မူသည်။ ကိုယ်တော်ကို အစေခံရန် ထိုက်တန်တော်မူသည်။ ကိုယ်တော်သည် ကျွန်ုပ်တို့ဆုတောင်းသံကို နားညောင်းလိုတော်မူသည်။ ကိုယ်တော် ချီးမွမ်း ခြင်းနှင့်ကျေးဇူးတော်ချီးမွမ်းခြင်းကို ခံထိုက်တော်မူသည်။ သို့သော် လူသားများထံမှ ကိုယ်တော်အလိုချင်ဆုံးသောအရာမှာ ကိုးကွယ်ခြင်း ဖြစ်သည်။ ကိုယ်တော်သည် “ကိုးကွယ်သူများ”ကို ရှာဖွေတော်မူသည်။

“ကျွန်ုပ်တို့သည် အစေခံရန် ကယ်တင်ခြင်းရရှိကြသည်”ဟု ဆိုရပေသည်။ ဤ အရာသည်မှန်ကန်သော်လည်း ကျွန်ုပ်တို့သည် ကိုးကွယ်ရန်အတွက် ကယ်တင်ခြင်း ရရှိခြင်းသည် ပို၍ သင့်တော်

မှန်ကန်ပါသည်။ ရွေးနုတ်ကယ်တင်ခြင်းရှိသော လူ ယောကျ်ားနှင့် မိန်းမတို့သည် ဘုရားသခင်ကို ကိုးကွယ် နေကြသည်ကို ကျွန်ုပ်တို့တွေ့ ရကြသည်။

“ထို့နောက်မှ ငါကြည့်လျှင်၊ အသီးအသီး ဘာသာစကားကို ပြောသော လူအမျိုးအနွယ် ခပ်သိမ်းတို့ အထဲမှ ထွက်၍၊ အဘယ်သူမျှ မရေတွက်နိုင်သော လူများအပေါင်းတို့သည် ဖြူသော ဝတ်လုံကို ဝတ်ဆင်လျက်၊ စွန်ပလွံခက်ကိုကိုင်လျက်၊ ပလ္လင်တော်ရှေ့၊ သိုးသငယ် ရှေ့မှာရပ် နေကြ၏။ သူတို့ကလည်း၊ ပလ္လင်ပေါ်မှာ ထိုင် တော်မူသော ငါတို့၏ ဘုရားသခင်နှင့်သိုးသငယ်သည် ကယ်တင်တော်မူခြင်း ချမ်းသာရှိတော်မူစေသတည်းဟု ကြီးသော အသံနှင့်ကြွေးကြော်ကြ၏။ ပလ္လင်တော်မှ စသော အသက်ကြီးသူတို့နှင့် သတ္တဝါလေးပါး၏ ပတ်ဝန်းကျင်၌ ရပ်နေသောကောင်း ကင်တမန် အပေါင်းတို့သည်၊ ပလ္လင်တော်ရှေ့မှာ ပြပ်ဝပ်၍ ဘုရား သခင်ကို ကိုးကွယ် လျက်၊ အာမင်။ ငါတို့၏ ဘုရားသခင်သည် ကမ္ဘာအဆက်ဆက် ကောင်းကြီး မင်္ဂလာ၊ ဘုန်း၊ ပညာနှင့်တကွ ကျေးဇူးချီး မွမ်းခြင်း၊ ဂုဏ်အသရေ၊ တန်ခိုးသတ္တိရှိ တော်မူစေ သတည်း။ အာမင်ဟုပြောဆိုကြ၏။ အသက်ကြီး သူတပါးကလည်း၊ ဖြူသော ဝတ်လုံကို ဝတ်ဆင်သော ဤသူတို့သည် အဘယ်သူနည်း။ အဘယ်အရပ်က လာကြသနည်းဟု ငါအားမေးမြန်းလျှင်၊ ငါက၊ သခင်၊ ကိုယ်တော်သိပါ၏ဟု ပြန်လျှောက်၏။ သူကလည်း၊ ဤသူတို့သည် ကြီးစွာသော ဆင်းရဲ ဒုက္ခအထဲက ထွက်မြောက်၍၊ မိမိတို့ဝတ်လုံကို သိုးသငယ်၏ အသွေးဌ်လျော်၍ ဖြူစေသော သူဖြစ်ကြသတည်း။ ထိုကြောင့်၊ ဘုရား သခင်၏ ပလ္လင်တော်ရှေ့မှာ နေရာကိုရ၍၊ ဗိမာန်တော်၌ ဘုရားဝတ်ကို နေ့ညဉ့်မပြတ်ပြုရကြ၏။ ပလ္လင် ပေါ်မှာ ထိုင်တော်မူသော သူသည် သူတို့တွင် ကျိန်းဝပ်တော်မူမည် ”(ဗျာဒိတ် ၇း၉-၁၅)။

ဤနေရာတွင် “အစေခံခြင်း”ကို ဖိလိပ္ပိ ၃း၃ တွင် အသုံးပြုသောစကားလုံး “ကိုးကွယ်ခြင်း”ကို အသုံးပြုထားသည်။

ကိုးကွယ်မည့်နေရာ

ကိုးကွယ်သည့် နေရာသည်အရေးမကြီးပေ။ “ထိုမိန်းမကလည်း၊ သခင်၊ ကိုယ်တော်သည် ပရောဖက်ဖြစ်သည်ကို အကျွန်ုပ်ရိပ်မိပါ၏။ အကျွန်ုပ်တို့ ဘိုးဘေးများသည် ဤတောင်ပေါ်၌ ကိုးကွယ် လေ့ရှိကြ၏။ ယေရုရှလင်မြို့၌သာ ကိုးကွယ်ရမည်ဟု သင်တို့သည်ဆိုတတ်ကြ၏ဟု လျှောက်လျှင်၊ ယေရှုက၊ အချင်းမိန်းမ၊ ငါ့စကားကို ယုံလော့။ ဤတောင်သို့ မလာ၊ ယေရုရှလင်မြို့သို့မသွားဘဲ ခမည်း တော်ကို ကိုးကွယ်ရမည် အချိန်ကာလရောက်ဆဲရှိ၏။ သင်တို့သည် ကိုယ်မသိသောအရာကို ကိုးကွယ်ကြ၏။ ငါတို့သည်ကိုယ်သိသောအရာကို ကိုးကွယ်ကြ၏။ အကြောင်းမူကား၊ ယုဒလူတို့၌ ကယ်တင်ခြင်းအကြောင်းရှိ၏။ ကိုးကွယ်သောသူမှန်သမျှတို့သည် ခမည်းတော်

ကို နံဝိညာဉ်နှင့်ဂုဏ်၊ သစ္စာတရားနှင့်ဂုဏ်၊ ကိုးကွယ်ရမည့် အချိန် ကာလသည်လာ၍ ယခုပင် ရောက်လျက်ရှိ၏။ အကြောင်းမူကား၊ ထိုသို့ကိုးကွယ် သောသူတို့ကို ခမည်းတော်သည် အလိုရှိ တော်မူ၏ ”(ယောဟန် ၄း၁၉-၂၃)။

ကိုးကွယ်သည့်ပုံစံ

ကျွန်ုပ်တို့သည် သခင်ယေရှု၏ သွန်းလောင်းတော်မူသော အသွေးတော် အုတ်မြစ်ပေါ်တွင်ကိုး ကွယ်သင့်သည်။ သွန်းလောင်းသောအသွေးတော်မြေကလွဲ၍ ဘုရား သခင်ကို ချဉ်းကပ်သောနေရာမ ရှိပေ။“တိယတဲတော်အတွင်းသို့ ယဇ်ပုရော ဟိတ်မင်းတပါးတည်းသာ မိမိအပြစ်ကြောင့်ဂုဏ်၊ လူများ အပြစ်ကြောင့်ဂုဏ်၊ ပူဇော်သော အသွေးကိုဆောင်၍ တစ်နှစ်လျှင် တခါတည်းသာဝင်ရ၏။ ထိုမျှမက၊ အပြစ်ကင်းသော ကိုယ်တော်ကို၊ ထာဝရဝိညာဉ်တော်အားဖြင့်၊ ဘုရားသခင့်ရှေ့၌တင်လျှ ပူဇော်သော ခရစ်တော်၏ အသွေးသည်၊ သေခြင်းနှင့် စပ်ဆိုင်သောအကျင့်ကို ပယ်ရှင်း၍၊ သင်တို့သည် အသက်ရှင်တော်မူသော ဘုရားသခင်ကို ဝတ်ပြုမည်အကြောင်း၊ သင်တို့၌ ကိုယ်ကို ကိုယ်သိသော စိတ်ကို စင်ကြယ်စေခြင်းငှါ၊ သာ၍တတ်နိုင်တော်မူသည် မဟုတ်လော” (ဟေဗြဲ ၉း၇၊ ၁၄)။

“ထိုကြောင့် ညီအစ်ကိုတို့၊ ယေရှု၏ကိုယ်ခန္ဓာတော်တည်းဟူသော ကုလားကာ အားဖြင့် ထိုသခင် ပြင်ဆင်တော်မူသော အသက်လမ်းသစ်တွင် ဝင်ရသောအခွင့်ရ ရှိသည်” (ဟေဗြဲ ၁၀း၁၉)။

ကျွန်ုပ်တို့သည် ဘုရားသခင်၏ဝိညာဉ်တော်အားဖြင့် ကိုးကွယ်သင့်သည်။ “ငါ တို့သည် စိတ် ဝိညာဉ်အားဖြင့် ဘုရားသခင်ကို ကိုးကွယ်၍၊ ဇာတိ၌ ကိုးစားခြင်း မရှိဘဲ၊ ယေရှု ခရစ်၌သာ ဝါကြွားဝမ်း မြောက်သောသူဖြစ်၍၊ မှန်သောအရေဖျား လှီးခြင်းကို ခံသောသူဖြစ်ကြ၏” (ဖိလိပ္ပိ ၃း၃)။ ယောဟန် ၄း၂၄ နှင့်နှိုင်းယှဉ်ပါ။ “ဘုရား သခင်သည် နံဝိညာဉ်ဖြစ်တော်မူ၏။ ဘုရားသခင်ကို ကိုးကွယ်သော သူတို့သည်၊ နံဝိညာဉ်နှင့် ဂုဏ်၊ သစ္စာနှင့်ဂုဏ် ကိုးကွယ်ရမည်ဟု မိန့်တော်မူ၏။”

စစ်မှန်သောကိုးကွယ်ခြင်း၊ ဘုရားသခင်လက်ခံတော်မူသောကိုးကွယ်ခြင်းမှာ ဝိညာဉ်တော် မူတ်သွင်းနှိုးဆော်တော်မူသောကိုးကွယ်ခြင်း ဖြစ်သည်။ ဘုရားသခင်ကို ကိုးကွယ်ခြင်းအားလုံးသည် “ဝိညာဉ်တော်အားဖြင့်” မဟုတ်ပေ။ လူအများစုက မိမိ ကိုယ်ကို ကိုးကွယ်တတ်ကြသည်။ မိမိလိုအပ် ဆန္ဒ၏ တန်ခိုးကို ကိုးကွယ် တတ်ကြ သည်။ အသွေးအသားသည် ဘဝ၏ပတ်ဝန်းကျင်အခြေအနေ၊ အမြင့်ဆုံးသော နေရာနှင့် မြင့်မြတ်သောနေရာမျိုးတို့ကိုရှာဖွေတတ်ကြသည်။ အသွေးအသားသည် နေရာကို ကိုးကွယ်တတ်ကြသည်။ လူများသည် ဘုရားသခင်ကို ဝမ်းမြောက် စေတော်မူသော အရာ

များကို ရှာဖွေတတ်ကြသည်။ မိမိကိုယ်ကို အမှတ်ပေးတတ်ကြသည်။ မိမိ စိတ်နှင့် မိမိ ခွန်အားများကို အားကိုး၍ ကိုယ်တော်ကို ကိုးကွယ်တတ်ကြသည်။

သို့သော် ဤကိုးကွယ်ခြင်းသည် လက်ခံနိုင်စရာအကြောင်းမရှိပေ။ လူများသည် ဤ ကိုးကွယ်ခြင်း၌ စိတ်နလုံးဖြူစင်၍ စိတ်အားထက်တန်တတ်ကြသည်။ သို့သော် ဤ သို့သောကိုးကွယ်ခြင်းကို ဘုရားက လက်ခံတော်မမူပေ။ ဘုရားသခင် နှစ်သက် တော်မူသောကိုးကွယ်ခြင်းမှာ ဤသို့ သော ကိုးကွယ် ခြင်းမျိုးမဟုတ်ပေ။

ဘုရားသခင်သည် ဝိညာဉ်တော်ဖြင့် ကိုးကွယ်သောကိုးကွယ်သူများကို ရှာဖွေ နေသည်။ “ဧဝတိ အသွေးအသား” ဖြင့် ကိုးကွယ်သောသူများကို ရှာဖွေတော်မမူ။ ကျွန်ုပ်တို့သည် ဘုရားသခင်လက်ခံ သောကိုးကွယ်ခြင်းပြုနိုင်ရန်အတွက် ဘုရား သခင်၏ ဝိညာဉ်တော်အားဖြင့် ကိုးကွယ်၍ ဧဝတိအသွေး အသားဖြင့် မလုပ်နိုင်သည်ကို လည်းကောင်း၊ သွန်သင်ပို့၍မရ၊ တိုက်တွန်း၍မရ၊ ထိန်းချုပ်၍ မရသည်ကို ကျွန်ုပ်တို့ အသိအမှတ်ပြုရကြမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် မိမိဧဝတိ အသွေး အသား ဖြင့်သာ ကိုးကွယ်ခြင်းသည် အလွန်အန္တရာယ်ကြီးသည်ကို နားလည် သဘောပေါက်ရကြမည် ဖြစ် သည်။ ကျွန်ုပ်တို့သည် ဝတ်ပြုကိုးကွယ်သောအခါ သန့်ရှင်းသော ဝိညာဉ်တော်၏ လမ်းပြ ပို့ဆောင်ခြင်းကို မှီခိုအားထား၍ မိမိလိုအင်ဆန္ဒများဘေးချိတ်ထားရမည်ကို နားလည် သဘောပေါက် ရကြမည် ဖြစ်သည်။

ကျွန်ုပ်တို့သည် ဝတ်ပြုကိုးကွယ်သောအခါ လုပ်သင့်လုပ်ထိုက်သော ပထမ အချက်မှာ မိမိသည် အကူအညီဖေးမသူမရှိသောသူများဖြစ်ကြ၍ မှန်ကန်စွာ ကိုးကွယ် နိုင်ရန်အတွက် သန့်ရှင်း သော ဝိညာဉ် တော်၏လမ်းပြပို့ဆောင်ခြင်းကို ခံယူရကြမည် ဖြစ်သည်။ ကျွန်ုပ်တို့၏ စိတ်နလုံး အတွေးထဲတွင် ဘုရားသခင်၏ ဝိညာဉ်တော်က ထည့်သွင်းပေးရမည် ဖြစ်သည်။ စစ်မှန်သော ကိုးကွယ်ခြင်း၌ ကိုယ်တော့်ရှေ့မှောက်တွင် ဝိညာဉ်တော်သည် ကျွန်ုပ်တို့နလုံးသားများကို အပိုင် အုပ်စိုး၍ လွှမ်းမိုးရမည် ဖြစ် သည်။

ဘုရားသခင် လက်ခံတော်မူသော တစ်ခုတည်းသော အသက်တာမှာ ဝိညာဉ် တော်၌ အသက် ရှင် သောအသက်တာဖြစ်သည်။ ဘုရားသခင် လက်ခံတော်မူသော တစ်ခုတည်းသောလျှောက် လှမ်းခြင်းသည်လည်း ဝိညာဉ်တော်၌ လျှောက် လှမ်းခြင်း ဖြစ်သည်။ ဘုရားသခင် လက်ခံတော်မူ သော တစ်ခု တည်းသော အမှုတော် ထမ်းဆောင်ခြင်းသည် ဝိညာဉ်တော်၌ အမှုတော် ထမ်း ဆောင်ခြင်းဖြစ်သည်။ ဘုရား သခင်လက်ခံတော်မူသော တစ်ခုတည်းသော ဆုတောင်းခြင်းသည် ဝိညာဉ်တော် အားဖြင့်ဆု တောင်းခြင်း ဖြစ်သည်။ ဘုရားသခင် လက်ခံတော်မူသော

တစ်ခုတည်းသော ကျေးဇူး တော်ချီးမွမ်းခြင်းသည် ဝိညာဉ်တော်၌ ကျေးဇူးတော် ချီးမွမ်းခြင်း ဖြစ်သည်။ ဘုရား သခင်လက်ခံတော်မူသော တစ်ခုတည်းသော ကိုးကွယ်ခြင်းသည် ဝိညာဉ်တော်၌ ကိုးကွယ်ခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် စစ်မှန်သော နှလုံးသားဖြင့်ကိုးကွယ်၍ ကိုယ် တော်ကို ကြည့်ကာ“သန့်ရှင်းသော ဝိညာဉ်တော် ကျွန်ုပ်အားကိုးကွယ်ခြင်းသွန် သင်တော်မူပါ”ဟု တောင်း လျှောက်ကြလျှင် ဝိညာဉ်တော်သည် ကျွန်ုပ်တို့အား သွန်သင်တော်မူလိမ့်မည်။

ကျွန်ုပ်တို့သည် “သမ္မာတရား”ဖြင့် ကိုးကွယ်သင့်သည်။ “ဘုရားသခင်သည် နံဝိညာဉ်ဖြစ်တော် မူ၏။ ဘုရားသခင်ကို ကိုးကွယ်သော သူတို့သည်၊ နံဝိညာဉ်နှင့် ၎င်း၊ သစ္စာနှင့်၎င်း ကိုးကွယ်ရမည်ဟု မိန့်တော်မူ၏ ”(ယောဟန် ၄း၂၄)။

“သစ္စာနှင့်ကိုးကွယ်ခြင်း”သည် မည်သည့်အရာကိုဆိုလိုသနည်း။“ချစ်သားတို့၊ ငါတို့သည် စကားပြောကာမျှအားဖြင့်သာမချစ်ဘဲ၊ စိတ်ပါကိုယ်ရောက် ဧကန်အမှန်ချစ်ကြကုန်အံ့ ”(၁ယော ၃း၁၈)။

ရိုးရိုးပုံစံ သို့မဟုတ် အတတ်ပညာ သို့မဟုတ် ဟန်ဆောင်မှုအားဖြင့် မကိုးကွယ်ဘဲ အမှန် အကန် ကိုးကွယ်ရမည်ဖြစ်သည်။ ကိုးကွယ်ခြင်းအတု အယောင်များစွာရှိသည်။ ခေါင်းငုတ်ခြင်း၊ ကခုန်ခြင်းတို့သည် ဘုရားရှေ့တော်၌ စစ်မှန်သောစိတ်ဝိညာဉ် ကိုးကွယ် ဦးညွှတ်ခြင်းမဟုတ်ပေ။ ဝိညာဉ်တော်တစ်ပါးတည်းသာလျှင် သစ္စာတရား၌ ကိုးကွယ်ရန် လမ်းပြတော်မူနိုင်သည်။

စစ်မှန်သောကိုးကွယ်ခြင်း၏ အကျိုးတက်ရောက်မှုများ

စစ်မှန်သော ကိုးကွယ်ခြင်းပြုသောအခါ ခမည်းတော်သည် ကျေနပ်အားရ တော်မူသည်။ ကိုယ် တော်သည် မိမိရှာဖွေသောအရာကို တွေ့ရှိတော်မူခဲ့သည်။ “ထိုသို့ ကိုးကွယ်သောသူတို့ကို ခမည်း တော်သည် အလိုရှိတော်မူ၏ ”(ယောဟန် ၄း၂၃)။

ကိုးကွယ်သူသည် ကျေနပ်ရောင့်ရဲမှုအပြည့်ရှိသည်။ သူသည် အမြင့်ဆုံးသော ဝမ်းမြောက်မှုကို ခံစားရသည်။ “ထာဝရဘုရား၏ တင့်တယ်ခြင်း အသရေတော်ကို ဖူးမြင်၍၊ ဗိမာန်တော်၌ မွေ့လျော်ခြင်းအလိုငှါ၊ ထာဝရဘုရား၏ အိမ်တော်မှာ တစ်သက်လုံးနေရမည် အကြောင်းတည်းဟူသော အခွင့်တစ်ခုကို ထာဝရဘုရား၌ ငါ ဆုတောင်းပြီ။ ထိုအခွင့်ကို ရှာရဦးမည်” (ဆာလံ ၂၇း၄)။

ဘုရားသခင်ကို ကိုးကွယ်ခြင်းမှစီးထွက်လာသောကောင်းကြီးမင်္ဂလာများထက် သာ၍မြင့် မားသော၊ နက်ရှိုင်းသော၊ စင်ကယ်သောအရာ တစ်စုံတစ်ခုမျှမရှိတော့ပေ။ မိုင်ပေါင်းများစွာ

ကျွန်တော် လမ်းလျှောက်ခဲ့သည်။ ချောင်းများနှင့် တောင်တန်းများအပေါ်သို့ တက်ခဲ့သည်။ လှပသော ရှုခင်းကို မြင်တွေ့ခဲ့သည်။ တောင်ထိပ်မှ ရှုခင်းများကို ကြည့်ခဲ့သည်။ တောင်နှင့်ချို မြောင်များ၏ စိတ်ထဲမှ လုံးဝမေ့မရ ထင်ကျန်နေသည်။ တောတောင်များနှင့်မြစ်ချောင်းများ၊ ရွာများနှင့်မြို့ငယ်များ၊ တိမ်နှင့် နေရောင်ခြည်များကို မြင်တွေ့ခဲ့သည်။ ကျွန်တော်သည် တောင်ပေါ် သို့တက်၍ မောပန်းမှုများကို သဘာဝ အလှ ရှုခင်းများကြည့်သောအခါ အမောပြေခဲ့သည်။ ကျွန်တော်သည် ထို သာယာလှပသောရှုခင်းများ ပန်းချီရေးမဆွဲမီ အချိန် တစ်နာရီခန့် ထိုင်ချခဲ့သည်။

ကျွန်ုပ်တို့သည် ဘုရားရှေ့တော်၌ ကိုးကွယ်ကြသောအခါ စိတ်ဝိညာဉ် ဖြည့်ဆည်းပေးသော သန့်ရှင်းသောပျော်ရွှင်ခြင်းရှိကြသည်။ ဤလောက အရာ ပျော်ရွှင် ခြင်းနှင့်နှိုင်းတု၍ မရနိုင်ပေ။ လောက ပျော်မွေ့ခြင်းသည် အနည်းငယ်သာဖြစ်သည်။ ကျွန်ုပ်တို့နှလုံးသား၌ ဘုရားသခင်က နေရာယူထား တော်မူပြီဖြစ်သောကြောင့် ကိုယ်တော်ထံမှ တောင်းလျှောက် ရန်နှင့်ရှာဖွေရန် အခြားသောအရာ တစ် စုံတစ်ခုမျှမရှိတော့ပေ။ ဆာလံဆရာက “အထံတော်၌ စုံလင်သော ဝမ်းမြောက်ခြင်း အခွင့်နှင့် လက်ျာတော်နားမှာ အစဉ်အမြဲ ပျော်မွေ့ခြင်းအခွင့်ရှိပါ၏” (ဆာလံ ၁၆း၁၁)ဟု ဖော်ပြထားသည့် အတိုင်းသူသည် အနာဂတ်ကိုသာစဉ်းစား၍ ကိုယ်တော် နှင့်အတူ ပါရှိခြင်း၌ ပျော်ရွှင်ခြင်းကိုသာ ဖော်ပြလိုခြင်းဖြစ်သည်။ အကြီးမားဆုံးသော အခွင့် အရေးတစ်ခုမှာ ကျွန်ုပ်တို့သည် ကောင်းကင်နိုင်ငံတော် သို့ရောက်ကြသောအခါ ကိုယ်တော်၏ မျက်နှာတော်ကို မြင်တွေ့ရကြမည် ဖြစ်သည်။

ကိုးကွယ်သူသည် ဘုရားတော်တစ်ပါးမှ ဘုန်းတော်တစ်ပါးသို့ ဘုရားသခင်၏ ပုံသဏ္ဌာန်တော် နှင့်အညီပြောင်းလဲခြင်းရှိသည်။ *“ငါတို့ရှိသမျှသည် မျက်နှာဖုံးကို ဖွင့်လျက် မှန်ကို ကြည့်သကဲ့သို့၊ သခင်ဘုရား၏ ဘုန်းအသရေတော်ကို ကြည့်မြင်၍၊ ဝိညာဉ်တော် တရား၏ အရှင်သည် ရောင်ခြည်တော်ကို လွှတ်တော်မူသည့်အတိုင်း၊ ငါတို့သည် ဘုန်းအသရေ တိုးပွါး၍ ပုံသဏ္ဌာန်တော်နှင့်အညီ ပြောင်းလဲခြင်း ရှိရကြ၏”* (၂ကော ၃း၁၈)။

ကျွန်ုပ်တို့သည် ဘုရားထံတော်သို့တိုးဝင်ချဉ်းကပ်၍ ကိုးကွယ်သောအခါ ဘုရား ကဲ့သို့ ဖြစ်လာ ကြသည် (မောရှေ၊ ထွက် ၃၄း၂၉)။ ကိုယ်တော်၏ ပုံသဏ္ဌာန်တော်သို့ လုံးဝပြောင်းလဲသွားခြင်းသည် ကိုယ်တော်၏ ပြည့်စုံ ထွန်းလင်းသော အကြံအစည် တော်ပင်ဖြစ်လေသည်။

ကိုးကွယ်ခြင်းက ကျွန်ုပ်တို့မာန်မာနကို ချိုးဖြတ်စေ၍ ကျွန်ုပ်တို့ အားနည်းချက်နှင့်ဆိုးသွမ်း မှုများကို ထင်ရှားစေသည်။ “ချစ်သူတို့၊ ယခုတွင်ငါတို့သည် ဘုရားသခင်၏ သားဖြစ်ကြ၏။ နောက်မှ အဘယ်သို့သောသူဖြစ်မည်ဟု မထင်ရှားသေး။ သို့သော်လည်း ကိုယ်တော်သည် ထင်ရှားပေါ်

ထွန်းတော်မူသောအခါ၊ ငါတို့သည် ကိုယ်တော်နှင့် တူကြလတံ့ဟု ငါတို့သိကြ၏။ အကြောင်းမူကား၊ ကိုယ်တော် ဖြစ်တော် မူသည် အတိုင်းကို ငါတို့သည် မြင်ရကြလတံ့" (၁ယော ၃း၂)။ "ငါကလည်း၊ ငါ၌ အမင်္ဂလာရှိ၏။ ငါအကျိုးနည်းပြီ။ အကြောင်းမူကား၊ ငါသည်ညစ်ညူးသော နှုတ်ခမ်းရှိ လျက်၊ ညစ်ညူးသောနှုတ်ခမ်းရှိသော လူမျိုးတွင်နေလျက်နှင့်၊ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား တည်း ဟူသော ရှင်ဘုရင်ကို၊ ကိုယ်မျက်စိနှင့်မြင်လေပြီတကားဟု ဆို၏" (ဟေရှာယ ၆း၅)။

"သိတင်းတော်ကို အကျွန်ုပ်သည် နားနှင့်ကြားဘူးပါပြီ။ ယခုမူကား၊ ကိုယ်တော် ကို မျက်စိနှင့် မြင်ရပါ၏။ ထိုကြောင့် အကျွန်ုပ်သည် ကိုယ်ကိုရွံ့ရှာပါ၏။ မြေမှုန့်နှင့် မီးဖိုပြာ၌ ထိုင်၍ နောင်တရပါ ၏ဟု လျှောက်လေ၏ " (ယောဘ ၄၂း၅-၆)။

"ထာဝရ ဘုရားကို မြော်လင့်သောသူတို့မူကား၊ အားပြည့်ကြလိမ့်မည်။ ရွှေလင်းတကဲ့သို့ မိမိတို့ အတောင်ကို အသစ်ပြုပြင်ကြလိမ့်မည်။ ပြေးသော်လည်း မပင်ပန်း၊ ခရီးသွားသောအခါ မမောရကြ " (ဟေရှာယ ၄၀း၃၁)။

တိကျသော ဆုတောင်းခြင်းအဖြေ၌ တန်ခိုးရှိသည်။ သို့သော် ဆုတောင်းခြင်း သက်သက်သည် တန်ခိုး မဟုတ်ပေ။ ဘုရားသခင်သည် တန်ခိုးကို ပိုင်တော်မူသည်။ ကျွန်ုပ်တို့သည် ကိုးကွယ်ခြင်း၌ ဘုရားသခင်နှင့် ချိတ်ဆက်၍ ကိုယ်တော်၌ တည်ကြ သောအခါ ကျွန်ုပ်တို့စိတ်ဝိညာဉ်၌ တန်ခိုးရရှိကြ ခြင်း ဖြစ်သည်။

ဝိညာဉ်ရေးရာတန်ခိုးမှာ လျှပ်စစ်အရှိန်အဝါကဲ့သို့ တန်ခိုးရှိသည်။ အားလျော့နေ သောလျှပ်စစ် ပစ္စည်းများကို အခြားအားကြီးသောလျှပ်စစ်ဖြင့် ဆက်၍အားသွင်းသောအခါ အားလျော့နေသော လျှပ် စစ်ပစ္စည်းသည် အားရှိလာပါသည်။ ထိုနည်းတူ ကျွန်ုပ်တို့သည် လောကအရာများ ဖိနှပ် ချုပ်ချယ်မှုအားဖြင့် ခွန်အားချည့်နည်းလာကြသောအခါ ဘုရားသခင်၏ ခွန်အားဖြင့်အားဖြည့်၍ ကိုးကွယ်ခြင်းအားဖြင့် ကိုယ်တော်နှင့် အဆက် အသွယ်ပြုကာ ခွန်အားယူရကြမည် ဖြစ်သည်။

ကျွန်ုပ်တို့သည် ဘုရားသခင်ကို ကိုးကွယ်သောအခါ ကိုယ်တော်၏ တန်ခိုး တော်သည် ကျွန်ုပ် တို့အထဲသို့ စီးဝင်လာပါသည်။ ကျွန်ုပ်တို့သည် ညအချိန်များတွင် ဘုရားသခင်နှင့်ဆက်နွယ်၍ ကိုးကွယ်ခြင်းအားဖြင့် ကိုယ်တော့်ရှေ့တော်သို့ ချဉ်းကပ်ကြသောအခါ ကျွန်ုပ်တို့မျက်နှာများသည် နေ့အ ချိန်ကဲ့သို့ တန်ခိုးဖြင့် ထွန်းလင်း ပါလိမ့်မည်။ ယနေ့ အမှုတော်မြတ်၌ တန်ခိုးမဲ့နေခြင်း၏ ကြီးမားသော လျှို့ဝှက်ချက်တစ်ခုမှာ ဘုရားသခင်နှင့် ဆက်နွယ်မှုမရှိ၊ ကိုးကွယ်ခြင်း မရှိခြင်းကြောင့် ဖြစ်သည်။

ဘုရားသခင်၏ ဂရုဏာတော်အမြင်

(In View Of God's Mercy)

By Rich Carmicheal

ကျွန်ုပ်တို့ ဘုရားသခင်၏ ဂုဏ်အင်္ဂါရုပ်တစ်ပါးမှာ ကိုယ်တော်သည် ကျေးဇူး ဂရုဏာတော်နှင့် ပြည့်စုံတော်မူသော ဘုရား ဖြစ်တော်မူခြင်းဖြစ်သည်။ ဤ သမ္မာ တရားကို ဓမ္မဟောင်းကျမ်းနှင့် ဓမ္မသစ် ကျမ်းများတွင် ထပ်ခါတလဲလဲတွေ့ရသည်။ ဥပမာအားဖြင့်၊ ကိုယ်တော်သည် မိမိဘုန်း အာနုဘော်တော်ကို မောရှေထံ ထင်ရှား *စေတော်မူသောအခါ ကိုယ်တော်သည် မောရှေ၏ရှေ့တွင် ကြွတော်မူခဲ့ သည်။* "ထာဝရဘုရားသည် မောရှေရှေ့၌ ကြွသွားတော်မူလျက်၊ ထာဝရဘုရား၊ ထာဝရဘုရား၊ ချစ်သနားခြင်း မေတ္တာကရုဏာနှင့်ပြည့်စုံ၍ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ သစ္စာ စောင့်ခြင်းနှင့် ကြွယ်ဝတော်မူထသော၊ အထောင်အသောင်းများသောသူတို့အား သနားခြင်း ကျေးဇူးတရားကို စောင့်တော်မူထသော၊ အဓမ္မကျင့်ခြင်း၊ တရားတော်ကို လွန်ကျူးခြင်း၊ ပြစ်မှားခြင်း အပြစ်တို့ကို ဖြေ လွှတ်သော်လည်း၊ အချည်းနှီး သက်သက် ဖြေလွှတ်တော်မမူထသော၊ သားစဉ် မြေးဆက်၊ တတိယအ ဆက်၊ စတုတ္ထ အဆက် တိုင်အောင်၊ အဘတို့၏ အပြစ်ကိုသားတို့၌ ဆပ်ပေး စီရင်တော်မူသော ဘုရားသခင်ဟု ကြွေးကြော်တော်မူ၏" (ထွက် ၃၄း၆-၇)။ ဆာလံဆရာက ကမ္ဘာသည် ကိုယ်တော်၏ ဂရုဏာ တော်နှင့်ပြည့်လျက်ရှိသည်(ဆာလံ ၁၁၉း၆၄)ဟု ကြွေးကြော်သည်။ "မြေကြီး ပေါ်တွင် ကောင်းကင် အမြင့်ရှိသည် အတိုင်း၊ ထာဝရဘုရားကို ကြောက်ရွံ့သော သူတို့၌ ကရုဏာတော်သည် အားကြီးပေ၏" (ဆာလံ ၁၀၃း၁၁)။ "ထာဝရဘုရားသည် ခပ်သိမ်း သော သူတို့အား ကျေးဇူးပြုချင်သော သဘောရှိ၍၊ ဖန်ဆင်း တော်မူသမျှ တို့ကို သနား စုံမက်တော်မူ၏" (ဆာလံ ၁၄၅း၉)။ "အကြောင်းမူကား၊ ထာဝရဘုရားသည် ကောင်း မြတ်တော်မူ၏။ ကရုဏာ တော်သည် အစဉ်အမြဲရှိ၍၊ သစ္စာတော်သည် ကာလ အဆက်ဆက် တည်လေသတည်း" (ဆာလံ ၁၀၀း၅)။ ယေရမိက ကိုယ်တော်၏ ဂရုဏာတော်ကို ကျွန်ုပ်တို့အားဖွင့်ပြ ပေးခဲ့သည်။ "ထာဝရ ဘုရားသည် သနားတော်မူ၍ ကရုဏာတော်သည် မကုန်သောကြောင့် ငါတို့သည် ဆုံးရှုံးခြင်းသို့ မရောက်ဘဲ နေကြ၏။ နံနက်တိုင်းကရုဏာတော်အသစ်ကို ခံရကြ၏။ သစ္စာတော်သည် ကြီးမြတ်ပါ ၏" (ယေရမိမြည် ၃း၂၂-၂၃)။ ပရောဖက် မိက္ခာက ဤသို့ ချီးမွမ်းသည်။ "အပြစ်မှလွှတ် တော်မူ ထသော၊ ကျန်ကြွင်းသော အမွေတော်လူတို့၏ လွန်ကျူးခြင်းများကို သည်းခံတော် မူထသော၊ ကရုဏာ၌ မွေ့လျော်သောကြောင့် အစဉ်အမျက် ထွက်တော်မမူသော ကိုယ်တော်ကဲ့သို့ အဘယ် ဘုရား ရှိပါသနည်း" (မိက္ခာ ၇း၁၈)။

ဓမ္မသစ်ကျမ်းတွင် မာရိက ဘုရားသခင်၏ဂရုဏာတော်ကိုချီးမွမ်းသည်။ *“ထာဝရ ဘုရားကို ကြောက်ရွံ့သောသူတို့သည် သနားတော်မူခြင်း ကျေးဇူးကို အစဉ်မပြတ် ခံစားကြ၏”* (လုကာ ၁း၅၀)။ ဧဝခရိသည်လည်း အလွန်ပျော်နေသည်။ “သနားတော် မူခြင်းကျေးဇူးတော်အားဖြင့်၊ ကောင်းကင်မှနေ အာရုဏ်သည် ငါတို့အပေါ်သို့ တက်သဖြင့်...” (လုကာ ၁း၇၈)။ ပေါလုက ကျွန်ုပ်တို့အား ကျွန်ုပ်တို့ဘု ရားသခင်သည် *“ဂရုဏာတော်၏ ခမည်းတော်”* (၂ကော ၁း၃)၊ ကိုယ်တော်သည် *“ဂရုဏာတော်၌ ကြွယ် ဝတော်မူသည်”* (ဧဖက် ၂း၄)ဟူသော သမ္မာတရားများဖြင့် ခွန်အားပေးသည်။ ထိုနည်းတူ၊ ပေတရုကလည်း ကျွန်ုပ်တို့အား ကျွန်ုပ်တို့ခမည်းတော်၏ ဂရုဏာတော်သည် ကြွယ်ဝ(၁ပေ ၁း၃)ဟု ဖော်ပြထားသည်။ ယာကုပ်က ကိုယ်တော်သည် *“ဂရုဏာတော်”* (ယာကုပ် ၅း၁၁) သနား ခြင်းနှင့် ပြည့်စုံတော် မူသည်ဟု ရေးခဲ့သည်။

ဂရုဏာတော်ပြုသောအရာများ

ဘုရားသခင်၏ဂရုဏာတော်သည် ကျွန်ုပ်တို့အပေါ် သနားခြင်း ခံစားချက် မဟုတ်ဘဲ ကျွန်ုပ်တို့ လိုအပ်မှုများကို ဖြည့်ဆည်းတုန့်ပြန် ပေးသော လုပ်ဆောင် ချက်ဖြစ်သည်။ A. W. Tozer က “ဂရုဏာ တော်သည် လူသားများ၏ ဆင်းရဲဒုက္ခနှင့် အပြစ်ဒုစရိုက်မှောက်လှန်စေသောဘုရားသခင်၏ကောင်း မြတ်တော်မူခြင်း ဖြစ်သည်” ဟု ရေးသားသည်။ ထိုကြောင့် သခင်ယေရှုက အနာရောဂါငြိမ်းစေရန်၊ သန့်ရှင်း စင်ကြယ် စေရန်နှင့်လွတ်မြောက်ခြင်းအခွင့်ရရှိရန် ကိုယ်တော်ထံလာ၍ ငိုကြွေးသော သူများ အား ပြန်လည်တုန့်ပြန်တော်မူခဲ့သည် (မဿဲ ၉း၂၇-၃၀၊ ၁၅း၂၂-၂၈၊ ၁၇း၁၄-၁၈၊ လုကာ ၁၇း၁၂-၁၉)။ ကိုယ်တော်သည် ဖေးမကူညီမှုလိုအပ်၍ နောင်တဖြင့် ကိုယ်တော့ကို ခေါ်သော မဖြောင့်မတ်သူများကို သိတော်မူသောကြောင့် (မဿဲ ၉း၁၀-၁၃) အခွန်ခံသူများနှင့် အပြစ်သားများစွာစုရုံးလျက်ရှိသော မဿဲ၏ နေအိမ်သို့ ယေရှု ကြွလာတော်မူရန် ကိုယ်တော်၏ ဂရုဏာတော်က လမ်းပြလျက်ရှိသည်။

ဘုရားသခင်သည် ဂရုဏာတော်နှင့် ပြည့်စုံတော်မူသောကြောင့် ကျွန်ုပ်တို့အား ခွင့်လွှတ်ရန်၊ ကယ်တင်ရန်၊ ထူမရန်၊ နှစ်သိမ့်ရန်၊ ကျန်းမာစေရန်၊ ခွန်အားပေးရန်နှင့် ကျွန်ုပ်တို့လိုအပ်မှုအမျိုးမျိုးတို့ ကို ဖြည့်ဆည်းပေးရန် ကိုယ်တော်သည် ကျွန်ုပ်တို့အား ဂရုဏာ တက်ရောက်တော်မူခြင်းဖြစ်သည်။ ဤသို့သော် ဂရုဏာတရားသည် ကိုယ်တော် ဖေးမခြင်းကိုရရှိရန် ကျွန်ုပ်တို့၏ကောင်းမှု ကုသိုလ် အပေါ် မရပ်တည်ဘဲ ဂရုဏာတော် ပြသရန် ဘုရားသခင်၏သဘောသဘာဝပင် ဖြစ်ပါသည်။

တစ်နည်းအားဖြင့် ကျွန်ုပ်တို့အသက်တာ၌ ကောင်းမြတ်တော်မူသော ဘုရား ပြုတော်မူသော အရာများသည် ကျွန်ုပ်တို့ထိုက်တန်သောကြောင့်မဟုတ်ပေ။ ကြိုးစား အားထုတ်ခြင်းကြောင့်လည်းမ ဟုတ်ပေ။ ကိုယ်တော်သည် ဂရုဏာတော်နှင့် ပြည့်စုံ တော်မူသောကြောင့်သာဖြစ်သည်။ ကျွန်ုပ်

တို့သည် အပြစ်ဒုစရိုက်ပြု၍ ဘုရား ရှေ့ တော်၌ အသရေပျက် နေကြသောကြောင့်(ရောမ ၃း၂၃) ကျွန်ုပ်တို့သည် ကိုယ်တော်၏ တရားစီရင်ခြင်းခံထိုက်သောသူများဖြစ်ကြသည်။ သို့သော် ကိုယ်တော်သည် ဂရုဏာ တော်နှင့်ပြည့်စုံတော်မူသောကြောင့် ကိုယ်တော်သည် ကျွန်ုပ်တို့ အားအား မိမိ အပြစ်များနှင့်အ ထိုက်အလျောက် တရားစီရင်ခြင်း ပြုတော်မမူပေ (ဆာလံ ၁၀၃း၁၀)။ တစ်ဘက်တွင် ကျွန်ုပ်တို့သည် မိမိအပြစ်ဒုစရိုက်၌ သေနေသောအချိန်မှာ ဘုရား သခင်သည် မိမိကြွယ်ဝသော ဂရုဏာတော်ကြောင့် ကျွန်ုပ်တို့အား ခရစ်တော်နှင့်အတူ အသက်ရှင်စေသည်(ဧဖက် ၂း၄-၅)။ ကျွန်ုပ်တို့သည် မိမိအတွက် မလုပ်ဆောင် နိုင်သော အရာများကို ကိုယ်တော်သည် ကျွန်ုပ်တို့အတွက် ပြုပေးတော်မူခဲ့သည်။

သင်သည် ကိုယ်တော်ကိုသိ၍ ကိုယ်တော်နှင့် အတူလျှောက်လှမ်း အသက် ရှင်လျှင် သင်သည် ကမ္ဘာပေါ်မှာ မင်္ဂလာအရှိဆုံးသောပုဂ္ဂိုလ် အမှန်အကန် ဖြစ်ပါသည်။ သင့်ဘဝမှာ ကိုယ်တော်၏ဂရုဏာခံစားရခြင်းသည် အကောင်းဆုံးသော ဆုကျေးဇူး ရရှိသောသူများဖြစ်ကြသည်။ ဤကြီးမားသော အခွင့်အရေးနှင့် ကောင်းကြီး မင်္ဂလာသည် အနည်းဆုံးအလွန်ကောင်းမြတ်သော တာဝန်ဝတ္တရားမှ ရောက်ရှိလာ သည်။

ဘုရားသခင်ပေါ် မိမိကိုယ်ကို လုံးဝ ဆက်ကပ်ခြင်း

တမန်တော်ရှင်ပေါ်လုသည် ရောမ အခန်းကြီး ၁၁ တွင် မထိုက်တန်သော ပြစ်သားများအပေါ် ဘုရားသခင်၏ဂရုဏာတော်အကြောင်းနှင့် ထိုဂရုဏာတော်၏ အပြစ်ကို အမွှန်းတင်ဖော်ပြထား၍ ဤ သို့အကြံပြုတိုက်တွန်းခဲ့သည်။ “ညီအစ်ကိုတို့၊ အသက်ရှင်ခြင်းလက္ခဏာ၊ သန့်ရှင်းခြင်းလက္ခဏာ၊ ဘုရားသခင်နှစ်သက်တော်မူ ဘွယ်သောလက္ခဏာနှင့် ပြည့်စုံသောယဇ်ကို သင်တို့သည် ပူဇော်၍၊ မိမိကိုယ်ခန္ဓာကို ဘုရားသခင်အား ဆက်ကပ်ခြင်းတည်းဟူသော သင်တို့ပြုအပ်သော ဝတ်ကို ပြုမည် အကြောင်း၊ ဘုရားသခင်၏ ကရုဏာတော်ကို ထောက်ထား၍၊ သင်တို့ကို ငါတိုက်တွန်း နှိုးဆော် ပေ၏။ သင်တို့သည် လောကီပုံသဏ္ဌာန်ကို မဆောင်ကြနှင့်။ ကောင်းမြတ်သော အရာ၊ နှစ်သက် ဘွယ်သော အရာ၊ စုံလင်သောအရာတည်းဟူသော ဘုရားသခင် အလိုတော်ရှိသော အရာသည် အဘယ် အရာဖြစ် သည်ကို သင်နိုင်မည်အကြောင်း၊ စိတ်နလုံးကို အသစ်ပြင်ဆင်၍ ပုံသဏ္ဌာန် ပြောင်းလဲခြင်းသို့ ရောက်ကြလော့ ” (ရောမ ၁၂း၁-၂)။ ကျွန်ုပ်တို့အပေါ်သို့ ဘုရားသခင်၏ ဂရုဏာ တော်ကို အသင့်တော်ဆုံးတုန့်ပြန်မှုမှာ ကိုယ်တော့်အပေါ်သို့ မိမိကိုယ်ကို ပြည့်စုံစွာ ဆက်ကပ်ခြင်း ဖြစ်သည်။

ဘုရားသခင်သည် *“ငါတို့ကျင့်သော ဖြောင့်မတ်ခြင်းအကျင့်အားဖြင့် မဟုတ်ဘဲ၊ မိမိသနားခြင်း ကရုဏာတော်နှင့်အညီ ဒုတိယမွေးခြင်းနှင့်ဆိုင်သော ဆေးကြောအသစ်ပြုပြင်ခြင်းအားဖြင့်ငင်း”* (တိတု ၃း၅) ငါတို့ကို ကယ်တင်တော်မူသည်။ ကျွန်ုပ်တို့သည် ခရစ်တော်နှင့်အတူ ကိုယ်တော်၏သေခြင်းနှင့်ရှင်ပြန်ထမြောက်ခြင်း၌ စည်းလုံးခဲ့ပြီဖြစ်သောကြောင့် အပြစ်တရား၌သေ၍ ခရစ်တော်အားဖြင့် ဘုရားသခင် ထံတော်သို့ အသက်ရှင်ကြသည် (ရောမ ၆း၃-၁၁)။ ကျွန်ုပ်တို့သည် အပြစ်တရားမှလွတ်မြောက်၍ ဘုရားသခင်၏ဘုန်းတော်သို့ ဝိညာဉ်တော်၏ အသစ်ပြုပြင်ခြင်း၌ အသစ်သော အသက်တာ ဖြင့် ယခုအသက်ရှင် လျှောက် လှမ်း နိုင်ကြခြင်း ဖြစ်သည်။

ဤသို့ သောဂရုဏာအလင်း၌ ယခုတွင် ကျွန်ုပ်တို့သည် ဝိညာဉ်ရေးရာ ခွန်းအားနှင့် တန်ခိုးအားလုံးကို ခံစားရရှိကြခြင်း ဖြစ်သည်။ “ငါတို့သည် မြော်လင့် လျက်၊ ဘုရားမဲ့တရားမဲ့နေခြင်း၊ လောကီတပ်မက်ခြင်းကို ပယ်ရှားလျက်၊ ယခု ဘဝ၌ ဣန္ဒြေစောင့်ခြင်း၊ တရားသဖြင့်ကျင့်ခြင်း၊ ဘုရားဝတ်၌မွေ့လျော်ခြင်းတို့ကို ပြုနေရမည် အကြောင်း” (တိတု ၂း၁၂)။ သင်သည် ဘုရားသခင်နှင့်အဆက်အသွယ်ပျက်ခြင်း၊ သို့မဟုတ် ကိုယ်တော့်အပေါ်သို့ နှလုံးသားမာကျောခက်ထန်ခြင်း သို့မဟုတ် ဘဝ၌ ကိုယ်တော်ကို ဝမ်းနည်းစေတော်မူသောအရာ တစ်စုံတစ်ခုရှိခဲ့လျှင် ယခုချိန်သည် သင်နောင်တရ၍ ကိုယ်တော်ထံတော်သို့ ခြေဦးတည့်ပြန်လှည့်ရမည့်အချိန်ရောက်နေပြီဖြစ်သည်။ “ဘုရားသခင်၏ကျေးဇူးတော်သည် သင့်ကို နောင်တလမ်းသို့ သွေးဆောင် သည်ကို မသိမမှတ်ဘဲ၊ ကြွယ်ဝစွာ ကျေးဇူးပြုတော်မူခြင်း၊ သည်းခံတော်မူခြင်း၊ စိတ်ရှည်တော်မူခြင်းတို့ကို မထီမဲ့မြင်ပြုသလော”(ရောမ ၂း၄)။

ကိုယ်တော်သည် မိမိဂရုဏာတော်အားဖြင့် ဤသို့ခေါ်ဖိတ်တော်မူသည်။ “တွေ့နိုင်သည် ကာလတွင် ထာဝရဘုရားကို ရှာကြလော့။ နီးတော်မူသည်ကာလတွင် ဆုတောင်း ပဋနာပြုကြလော့။ ဆိုးသော သူသည် မိမိလမ်းကိုငင်း၊ မတရားသော သူသည် မိမိအကြံတို့ကိုငင်း စွန့်ပစ်၍၊ ထာဝရဘုရားထံတော်သို့ ပြောင်းလဲပါစေ။ သို့ပြုလျှင် သနားတော်မူလိမ့်မည်။ ငါတို့ ဘုရားသခင့်ထံတော်သို့ ပြောင်းလဲ ပါစေ။ သို့ပြုလျှင် အထူးသဖြင့် အပြစ်ကို လွှတ်တော်မူလိမ့်မည်” (ဟေရာယ ၅၅း၆-၇)။ “မိမိအပြစ်ကို ဖုက်ထားသောသူသည် ချမ်းသာမရ။ မိမိအပြစ်ကို ဘော်ပြဝန်ချ၍ စွန့်ပစ်သော သူမူကား၊ ကရုဏာတော်ကို ခံရလိမ့်မည်” (သု ၂၈း၁၃)။ *“ဂရုဏာတော်နှင့် သစ္စာတရားနှင့်ပြည့်စုံတော်မူသော ယဇ်ပရောဟိတ်ကြီး”* သခင် ယေရှုကို ကြည့်ပါ။ ကိုယ်တော်သည် သင်၏ ကြောက်ရွံ့ခြင်း များနှင့် စုံစမ်း နှောင့်ယှက်ခြင်းများကို သနားကြင်နာတော်မူ၍ သင့်ကို ဖေးမတော်မူနိုင်သည် (ဟေဗြဲ ၂း၁၇-၁၈၊ ၄း၁၅)။ သင်သည် “သနားခြင်း ကရုဏာကိုငင်း၊ တော်လျော်သောမစခြင်း ကျေးဇူးတော်ကိုငင်း ခံရမည် အကြောင်း” (ဟေဗြဲ ၄း၁၆) ရဲရင့်သောစိတ်နှင့် ကျေးဇူးပလ္လင်တော်သို့ တိုးဝင် ချည်းကပ်ပါ။

ဂရုဏာစိတ်ရှိပါ

ကျွန်ုပ်တို့သည် ဂရုဏာကျေးဇူးကိုခံစားရကြသောကြောင့် သူတစ်ပါးပေါ်တွင် လည်း ဂရုဏာရှိရန် တာဝန်ရှိသည်။ တမန်တော်ပေါလုသည် တိတုထံရေးထားသော စာတွင် ဘုရားသခင်၏ လူများအား လမ်းညွှန်ထားသည်။ "အဘယ်သူကိုမျှမကဲ့ရဲ့၊ ရန်တွေ့ခြင်းကိုမပြု၊ ဖြည်းညှင်းသော သဘောရှိ၍၊ ခပ်သိမ်းသောသူတို့၌ အလွန်နူးညံ့ သိမ်မွေ့စွာ ပြုစေခြင်းငှါငင်း သတိပေးလော့။ အကြောင်းမူကား၊ အ ထက်က ငါတို့သည် ပညာမဲ့သောသူ၊ နားမထောင်သောသူ၊ မှားယွင်းသောသူ၊ အထူးထူးအပြားပြား သော တပ်မက်ခြင်း၊ ကာမဂုဏ်ခံစားခြင်း အမှုတို့ကို ဆောင်ရွက်သောသူ၊ မနာလိုခြင်း၊ ငြူစူခြင်း၌ ကျင်လည်သောသူ၊ စက်ဆုပ်ရွံရှာ ဘွယ်သောသူ၊ အချင်းချင်းမုန်းသော သူဖြစ်ကြ၏" (တိတု ၃း၂-၃)။ ဘုရားသခင်သည် ကျွန်ုပ်တို့၏ ဖြောင့်မတ်ခြင်းအားဖြင့် ကယ်တင်တော်မမူဘဲ ကိုယ်တော်၏ဂရုဏာ တော်အားဖြင့် ကယ်တင်တော်မူခဲ့သည်ဟု သူက ဆက်လက် သိစေသည် (အငယ် ၄-၅)။

မသဲ့၁း၂၃-၂၅တွင် အကြွေးများစွာတင်နေသော အစေခံတစ်ဦး၏ အကြောင်းကို သခင်ယေရှုက ဖွင့်ပြထားသည်။ သို့သော် သူသည် မိမိလုပ်ဆောင်ဖက် အနည်းငယ် အကြွေးတင် နေသော သူ တစ်ဦးကို ခွင့်မလွှတ်ခဲ့ပေ။ ကျွန်ုပ်တို့ခမည်းတော်ဘုရားသည် ကျွန်ုပ်တို့အား ဂရုဏာပြု၍ ခွင့်လွှတ်တော်မူသောကြောင့် ကျွန်ုပ်တို့သည် သူတစ်ပါး အားခွင့်လွှတ်ခြင်းမပြုလျှင် အပြစ်ကြီးသည်ကို ဤအကြောင်းက အထူးပြု ဖော်ပြထားသည်။ ကိုယ်တော်သည် ကျွန်ုပ်တို့အား ဂရုဏာပြသ တော်မူသော ကြောင့် ကျွန်ုပ်တို့သည်လည်း ဂရုဏာတရားရှိရကြမည် ဖြစ်သည် (လုကာ ၆း၃၆)။ ကျွန်ုပ်တို့သည် အပြစ်ပြုသူများအပေါ် တရားစီရင်ခြင်း၊ ဝေဖန်ခြင်းနှင့်ခွင့် မလွှတ်ခြင်း အပြစ်များကို သတိထားရကြမည်ဖြစ်သည်။ ယာကုပ်က ဤအကြောင်းကို သတိပေးထားသည်။ "ကရုဏာမရှိသောသူသည်၊ ကရုဏာကိုမရဘဲ၊ တရားစီရင်ခြင်း ကိုခံရလိမ့်မည်။ ကရုဏာသည် တရား စီရင်ခြင်းကိုအောင်၍ ဝါကြွားတတ်၏" (ယာကုပ် ၂း၁၃)။

အပြစ်တရားသည် ကွင်းဆက်ရှိ၍ နောင်တမရသောသူများသည် တစ်နေ့နေ့ကျ သောအခါ ဘုရားသခင်၏ တရားစီရင်တော်မူခြင်းခံရကြမည် ဖြစ်သည်။ ကျွန်ုပ်တို့သည် အပြစ်တရားနှင့် ပတ်သက်၍ ပေါ့ဆမှုမပြုသင့်ပေ။ ကျွန်ုပ်တို့သည် အပြစ်နောင်တရခြင်းအကြောင်းကို စဉ်ဆက်မပြတ်ဟော ပြောရကြမည်ဖြစ်သည်။ သို့သော် ကျွန်ုပ်တို့အပေါ် ဘုရားသခင်၏ စိတ်ရှည်တော်မူခြင်းနှင့် ဂရုဏာတ ရားအားဖြင့် ကျွန်ုပ်တို့သည်လည်း အပြစ်ကျူးလွန်သောသူများအပေါ် ချစ်ခြင်းမေတ္တာရှိ၍ ဂရုဏာ တရား အတတ်နိုင်ဆုံးပြသရကြမည် ဖြစ်သည်။ ဘုရားသခင်၏ မစတော်မူ

ခြင်းအားဖြင့် သူတပါးကိုတာ ရားစီရင်ခြင်းမပြုရန် ကျွန်ုပ်တို့ သင်ယူရကြမည် ဖြစ်သည်။ သူတပါးသည် အပြစ်ဒုစရိုက် မပြုလုပ်ရန် အားပေးတိုက်တွန်း ကူညီရကြမည် ဖြစ်သည် (ယောဟန် ၈း၁၁)။ ယုဒက "ပိုင်းခြား၍သိတတ်သော ဥာဏ်ရှိ၍ အချို့တို့ကို သနားကြ လော့။ ကိုယ်ကာယနှင့် ညစ်ညူးစွန်းကွက်သော အဝတ်ကိုပင် စက် ဆုပ်ရွံရှာ၍ ကြောက်ရွံ့ခြင်းနှင့်တကွ၊ အချို့ တို့ကို မီးထဲမှ ဆယ်နှုတ် ကယ်တင်ကြလော့" (ယုဒ အခန်း ၎ယ် ၂၂-၂၃)။

ဣသရေလလူမျိုးများကို ကောင်းကြီးပေးခြင်း

ရောမဩဝါဒစာ အခန်းကြီး ကိုးမှ တစ်ဆယ့်တစ်တွင် ဘုရားသခင်၏ ကရုဏာ တော်အကြောင်းကို အထူးသဖြင့် ဖော်ထားပါသည်။ တမန်တော် ရှင်ပေါလုသည် အခန်းကြီး (၁၁)တွင် ကောင်းကြီး မင်္ဂလာပေးခြင်းနှင့် အဆုံးသတ် ဟန်တူ သည်။ "ဘုရားသခင်၏ ပညာနှင့် ဥာဏ်တော်သည် အလွန်ကျယ်ဝန်း နက်နဲစွာ တကား။ စီရင်တော်မူချက်တို့ကို အဘယ်သူမျှ စစ်၍ မကုန်နိုင်။ ကြွတော်မူရာလမ်းတို့ကို လိုက်၍ ရှာသော်လည်းမတွေ့မမှီနိုင်။ ထာဝရဘုရား၏ စိတ်တော်ကို အဘယ် သူသိ သနည်း။ ထာဝရဘုရားနှင့်အဘယ်သူသည် တိုင်ပင်ဘက်ပြုသနည်း။ ကျေးဇူးဆပ်တော်မူရ မည်အကြောင်း၊ ထာဝရဘုရား၌ အဘယ်သူသည် ကျေးဇူးပြုဘူးသနည်း။ ခပ်သိမ်းသော အရာတို့သည် ကိုယ်တော်အထဲကထင်း၊ ကိုယ်တော်အားဖြင့်ထင်း၊ ကိုယ်တော်အတို့ အလိုငှါထင်း ဖြစ်ကြ၏။ ကမ္ဘာအ ဆက်ဆက် ဘုန်းကြီး တော်မူစေသတည်း။ အာမင်" (အခန်းငယ် ၃၃-၃၆)။ မည်သည့်အရာက ဤသို့ ချီးမွမ်းစေသနည်း။

ရောမဩဝါဒစာအခန်းကြီးတစ်တွင် သတင်းကောင်းအားဖြင့် ဘုရားသခင်၏ ဖြောင့်မတ်ခြင်းထင်ရှား လျက်ရှိသည်ဟု ပေါလုက ပြသထားသည်။ ပညတ်တော် အပေါ်ရပ်တည်သော ဖြောင့်မတ်ခြင်းကြောင့်မဟုတ်ပေ။ သို့သော် သခင်ယေရှု ခရစ်တော်ကိုယုံကြည်ခြင်းမှလာသော ဖြောင့်မတ်ခြင်းဖြစ်သည်။ သာသနာပ လူတို့သည် ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ခြင်းရရှိခဲ့ကြသောကြောင့် ပေါလုသည် ဝမ်းမြောက်သည်။ သို့သော် ယုဒလူမျိုးများသည် ခရစ်တော်အပေါ် ခလုတ်တိုက်လဲသောကြ သောကြောင့် သူသည် ငြီးတွားမြည်တမ်း၍ ဝန်ပိုး ဝန်ထုတ်ပိသလို ခံစားခဲ့ရသည်။ ယုဒလူမျိုးများ သည်လည်း ခရစ်တော်၌ ကယ်တင်ခြင်း ရရှိရန် သူတောင့် တသည်။

အခန်းကြီး တစ်ဆယ့်တစ်တွင် သူသည် ဣသရေလလူမျိုးများ အကြောင်းနှင့် ပတ်သက်၍ အလွန်ဝမ်းမြောက်စရာ နက်နဲသောအရာများကို ဖွင့်ပြသည်။ ဘုရား သခင်သည် မိမိရွေးချယ်ခဲ့သောလူမျိုးများအပေါ် ဝမ်းမြောက်တော်မမူကြောင်း သူက အထူးသဖြင့် ဖော်ပြထားသည် (အခန်းငယ် ၁၊၂၈-၂၉)။ ယုဒလူမျိုးသည် တစ်ပါး အမျိုးသားများအရေအတွက် ပြည့်စုံသည့်အချိန် လည်ပင်းခိုင်မာကြ

လိမ့်မည်ဟု သူဖော်ပြထားသည် (အခန်းငယ် ၂၅)။ သူက ဣသရေလလူမျိုးများ၏ အပြစ် ဒုစရိုက်သည် တစ်ပါးအမျိုးသားများအတွက် ကယ်တင်ခြင်းနှင့် လောကအတွက်ကြွယ်ဝ ချမ်းသာမှုဖြစ်စေလိမ့်မည်ဟု သူဖော်ပြထားသည်။ ဣသရေလလူမျိုးများ၏ သာ၍ ပြည့်စုံခြင်းအကြောင်းကိုလည်း သူထည့်သွင်း ဖော်ပြထားသည် (အခန်းငယ် ၁၁-၁၂)။

ကောင်းကြီးမင်္ဂလာမပေးမီ ဘုရားသခင်၏ကရုဏာတော်သည် ကိုယ်တော်၏ အကြံအစည်နှင့်စီမံချက်များတစ်ခုလုံးအတွက် အခြေခံဖြစ်သည်ဟု ပေါလုက ပြောကြားသည်။ ယုဒလူမျိုးများ၏မနာခံခြင်းအားဖြင့် တစ်ပါး အမျိုးသားတို့သည် ကရုဏာ တော်ခံစားရရှိခဲ့ကြသည်။ တစ်ပါးအမျိုးသားများအပေါ် ဘုရားသခင်၏ ကရုဏာတော်အားဖြင့် ယုဒလူမျိုးများသည်လည်း ကရုဏာတော်ခံစားရန် အတွက် ဖြစ်သည် (အခန်းငယ် ၃၀-၃၁)။ ဘုရားသခင်၏ မြင့်မြတ်သောအကြံအစည်တော်မှာ ယုဒလူ မျိုးများနှင့် တစ်ပါးအမျိုးသားများ အားလုံးအပေါ် ကရုဏာတော်ချပေးနိုင်ရန် အတွက် လူသားများ၏ နာမခံခြင်းအားဖြင့် အမှုပြုခြင်း ဖြစ်သည် (အခန်းငယ် ၃၂)။

ဤသို့ဖြင့် ကျွန်ုပ်တို့သည် ဣသရေလ လူမျိုးများအတွက် ကောင်းကြီးမင်္ဂလာနှင့် ကျွန်ုပ်တို့သည် ဘုရားသခင်၏ ကရုဏာတော် ခံစားခြင်းအတွက် သဝန်တိုရန်(အငယ် ၁၁)နှင့် သူတို့သည်လည်း ဘုရားသခင်၏ ကရုဏာတော် ခံစားစေရန် ကျွန်ုပ်တို့မှာ အခွင့်အရေးနှင့် တာဝန်ရှိကြသည်။ *“ဣသရေလအမျိုးသည် ထာဝရဘုရားကို မြော်လင့်ပါစေ။ အကြောင်းမူကား၊ ထာဝရဘုရား၌ ကရုဏာရှိ၏။ များစွာသော ရွေးနှုတ်ခြင်း ကျေးဇူးရှိ၏။ ဣသရေလ အမျိုးကို ခပ်သိမ်းသော ဒုစရိုက်အပြစ်တို့ အထဲက ရွေးနှုတ်တော်မူလိမ့်မည်”* (ဆာလံ ၁၃၀း၇)။

သင်သည် မိမိပထမမေတ္တာကို ဆုံးရှုံးခဲ့သလော

(Have You Lost Your First Love?)

By E. A. Johnson

ဖေဖော်အသင်းတော်ထံ ကိုယ်တော်ပေးပို့သော သတင်းစကားတွင် ကိုယ်တော် သည် သူတို့၏ လုပ်ဆောင်ချက်များ၊ ကြိုးပမ်းအားထုတ်မှုနှင့်သည်းခံမှု နှင့် သူတို့ပြုလုပ်သောဆိုးသွမ်းမှုအတွက် တရားစီရင်ခြင်းများကို မိန့်တော်မူခဲ့သည်။ သို့သော် သူတို့သည် မိမိပထမမေတ္တာကို စွန့်လွှတ်ခဲ့ကြသောကြောင့် (ဗျာဒိတ် ၂း၂-၇) ကိုယ်တော်သည် သူတို့အား နောင်တရရန် ခေါ်ဖိတ် တော်မူ

ခဲ့သည်။ ကိုယ် တော်ပြန် လည် ကြွလာရန်ကြိုဆိုသော ကျွန်ုပ်တို့ အားလုံးအတွက် အလွန် သတိ ချပ် ရမည့် အရာဖြစ်ပါသည်။ ကျွန်ုပ်တို့သည် မိမိကျရာတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ကြပါစို့။ ကျွန်ုပ်တို့ နှလုံးသားများသည် ပထမမေတ္တာကို အလျော့နည်းစေရပေ။

သင်သည် သင်၏ "ပထမမေတ္တာ"ကို ဆုံးရှုံးသွားလျှင် အလွန် အန္တရာယ် ကြီးပေသည်။ သင်သည် ဘုရားနှင့်ပျောက်ဆုံးသောဝိညာဉ်များအတွက် ဝန်တာ စိတ်ပျောက်ဆုံးသွားခဲ့သလော။ သူတို့အတွက် ဆုမတောင်းဘဲနေသလော။ ဘုရား သခင်နှင့် စပ်ဆိုင်သောအရာများထက် လောက အရာများကို သာပို၍ စိတ်ဝင်စား ခဲ့သလော။

သင်သည် ခရစ်ယာန် တစ်ဦးဖြစ်လာ၍ ဘုရားသခင်ထက် ဖက်ရှင်တစ်ခုပို၍ ချစ်နေ သေးသည်။ သင်သည် အသင်းတော် ကဏ္ဍအချို့ကို ပို၍ စိတ်ဝင်စားကာ လှုပ်ရှားနေသေးသည်။ သင်၏ ဘဝတွင အလွန်အံ့သြဖွယ်ကောင်းသော ကောင်းကြီး မင်္ဂလာများနှင့် ဘိသိက်ခြင်းများ ခံစားရပြီးနောက် ဘုရား သခင်ကို လက်လွတ် မဆုံးရှုံးနိုင်ပေ။ စာတန်သည် အလွန်တော်သည်။ သူသည် ခရစ်ယာန်တစ်ဦးအား အလွန် ထိတ်လန့်ဖွယ်ကောင်းသော အပြစ်များအားဖြင့် ရုတ်တရက် စုံစမ်း နှောင့်ယှက်ခြင်းမပြုပေ။ သူသည် ဝိညာဉ်တော်နှင့် ပြည့်ဝသော ခရစ်ယာန်တစ်ဦးကို လှည့်ဖြားသွေး ဆောင်ရန် ညင်သာစွာအမှုပြုနေသည်။ သူသည် နှလုံးသားထဲသို့ မခြားနားသော အရာနှင့်စိတ်ဝင်စားဖွယ် ကောင်းသောအရာများအားဖြင့် လှည့်ဖြားနေသည်။ ထိုနောက် သူသည် ထိုသူကို တဖြည်းဖြည်းချင်း ဖိနှိပ်ချုပ်ခြယ်သည်။ သတိမမူခြင်း အားဖြင့် ဘုရားသခင် တစ်ပါးတည်း သာမြင်တွေ့နိုင်သော အပြစ်ကို နှလုံးသား၌ တိတ်ဆိတ် ညင်သာစွာဖြင့် ထည့်သွင်းထားသည်။

သင်သည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို ဖတ်ရှုလေ့လာသေးသည်။ သို့သော် နှုတ်က ပတ်တော်လေးနက်မှုကို မခံစားရတော့ပေ။ သင်သည် ဆုတောင်းခြင်းကို တဖြည်းဖြည်းချင်း အနည်းငယ် ခွန်အားလျော့နည်းလာသည်။ ချီးမွမ်းခြင်းများနှင့် ပျော်ရွှင်ခြင်းကို အရင်အတိုင်း အတွင်းနှလုံးသား၌ မဝင်နိုင်တော့ပေ။ သင်သည် ဘုရားသခင်၌ မည်မျှဝမ်းမြောက်၍ လောကအရာ များအားလုံး ထက် ဘုရားသခင်ကို မည်မျှပို၍ စကားပြောရန် နှစ်သက်သနည်း။ ဘုရားသခင်သည် သင်၏ ဘဝတွင် ပထမ နေရာတွင်ရှိ၍ အခြားအရာအားလုံးသည် ဒုတိယနေရာတွင်ရှိနေသည်။ ဤ လောကအရာများ နှင့် သဘာဝတရာများသည် သင့်အတွက်အရေးမကြီးတော့ပေ။ သင်သည် ဘုရားသခင်နှင့်အတူ လျှောက်လှမ်း၍ ကိုယ်တော်နှင့်အတူ မိတ်သဟာဖွဲ့ ဟန်တူသည်။

ယခုတွင် သင်သည် ဘုရားသခင်နှင့်အတူမနေတော့ပေ။ ပျော်ရွှင်ခြင်းသည် ပျောက်ဆုံး သွားသည်။ တစ်စုံတစ်ခု ဖြစ်ပျက်ခဲ့သည်။ ဘုရားသခင်နှင့်သင်၏ ငြိမ်သက်ခြင်းသည် ပျောက်ဆုံး

သွားခဲ့ရသည်။ ပျော်ရွှင်ခြင်းသည် သင်၏ နှလုံးသားမှ ယိုစီးထွက်ခဲ့သည်။ ဘုရားသခင်၏ရှေ့တော်၌ သင်၏ဝိ ညာဉ်ပလွင်ပေါ်တွင် မီးမရှိတော့ပေ။

သိမ်မွေ့သောလှည့်စားမှု

စာတန်သည် ဘုရားသခင်ရွေးကောက်တော်မူသောသူကဲ့သို့ လှည့်ဖြားရန် အလင်းကောင်း ကင်တန်တမန် တစ်ပါးကဲ့သို့ လာသည်။ ကျွန်ုပ်တို့သည် မစောင့် နေလျှင် မမြော်လင့်သည့်အချိန်တွင် သူခိုးကဲ့သို့ ခိုးကြောင် ခိုးဝှက်နှင့် ချောင်းလာတတ်သည်။ ရန်သူသည် ညအချိန်တွင်လာ၍ လူသားများ၏ မြေ၌ တောပင်မျိုးစေ့ များကြဲတတ်သည်။ ထိုအချိန်သည် သူ၏ အိပ်ပျော်သော အချိန်ဖြစ်၍ရန်သူ ပြုသော အမှုကို မည်သူမည်ဝါကမျှမမြင်တွေ့နိုင်ပေ (မဿဲ ၁၃း၂၅)။

ကျွန်ုပ်တို့သည် မာရ်နတ်၏လုပ်ဆောင်မှုများကို မစဉ်းစား၊ နားမလည်နိုင်ကြ သောကြောင့် အ ချိန်များစွာ ရှုံးနိမ့်နေရကြခြင်း ဖြစ်သည်။ ကျွန်ုပ်တို့သည် မာရ်နတ်၏ လှည့်စားခြင်းကို နားထောင်၍ လိုက်နာတတ်ကြသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို အနည်းငယ်သာ ဖတ်ရှု၍ ဆုအနည်းငယ်သာ တောင်းတတ်ကြသည်။ စာတန်သည် လူတစ်ဦးချင်းစီတိုင်း၏ နှလုံးသား၌ နှုတ်က ပတ်တော်ကို လျစ်လျူ ရှုရန် အောင်မြင်စွာ လုပ်ဆောင်နိုင်သည်ကို သိသည်။ စာတန်သည် လူတစ်ဦး ချင်းစီတိုင်း၏ အားနည်းချက်အသီးသီးနှင့်အညီ လိမ္မာပါးနပ်စွာ လှည့်ဖြားနိုင်သည်။ ကျွန်ုပ်တို့သည် ဤ လောကတွင် အသက်ရှင်နေသရွေ့ ကျွန်ုပ်တို့သည် ဤသို့သော စုံစမ်း နှောင့်ယှက်ခြင်းကို ကြုံတွေ့ရကြမည်ဖြစ်သည်။ “စုံစမ်း နှောင့်ရှက် ခြင်းကို သည်းခံသောသူသည် မင်္ဂလာရှိ၏” (ယာကုပ် ၁း၁၂)။ စုံစမ်း နှောင့်ယှက်ခြင်းကို အရှုံးမပေးဘဲ ခုခံဆန့်ကျင်၍ မာရ်နတ်ကို အောင်မြင်လိုက်ပါ။

ဝိညာဉ်ဆာလောင်မွတ်သိပ်ခြင်း

ဘုရားသခင်၏ နှုတ်ကပတ်တော်နှင့်ဆုတောင်းခြင်း ဆာငတ်ခြင်းမရှိခြင်းသည် ဝိညာဉ်ရေးရာ ဆာလောင်မွတ်သိပ်မှုကို ဆိုလိုသည်။ ဘုရားသခင်၌ ဝမ်းမြောက်ခြင်းသည် ပျောက်ဆုံးသွားခဲ့၍ နှလုံး သားမှ ချီးမွမ်းခြင်း မစီးဆင်းတော့ပေ။ ဘုရားသခင်၏ ဝိညာဉ်တော်ဘိသိက်ခြင်းကိုလည်း လျော့နည်း လာသည်။ ဤ ပစ္စုပ္ပန် အသက်တာတွင် အသက်ရှင်သန်နိုင်ရန်အတွက် ခန္ဓာကိုယ်ကို အစာကျွေးမွေး ရန် လိုအပ်သည့်အတိုင်း ဝိညာဉ်သည် နှုတ်ကပတ်တော်ဖြင့် နေ့အတိုင်း ဝိညာဉ်အစာ ကျွေးမွေးရန် ပို၍ လိုအပ်လာပါသည်။ ဝိညာဉ်သည် နှုတ်ကပတ်တော်၊ ဆုတောင်းခြင်းနှင့် ဘုရား သခင်ကို မြော်လင့် ခြင်းအားဖြင့် ကျေနပ်ရောင့်ရဲမှု ရရှိနိုင်သည်။

သခင်ယေရှုက “လူသည် မုန့်အားဖြင့်သာ အသက်ကိုမွေးရမည်မဟုတ်။ ဘုရား သခင် မိန့်တော်မူ သမျှ အားဖြင့် အသက်ကိုမွေးရမည် ” (မသဲ ၄း၄)ဟု မိန့်တော်မူ ခဲ့သည်။ ဝိညာဉ်သည် ထာဝရ ဖြစ်သည်။ ထိုကြောင့် ကျွန်ုပ်တို့သည် ထာဝရ ခမည်းတော်ထံတော်မှ အသက်ကို ရယူရ ကြမည် ဖြစ်သည်။ ကျွန်ုပ်တို့ဝိညာဉ်သည် ဘုရားသခင်၏ဝိညာဉ်တော်ကျွေးမွေးမှုအပေါ် ကြံ့ခိုင်လာ မည်။ သို့မဟုတ် ခွန်အားချည့် နည်းလာမည်။ အနည်းငယ်သာကျွေးလျှင် ဝိညာဉ်တော် ပိန်ချုံး လိမ့်မည်။ နှုတ်ကပတ်တော် နှင့်ဆုတောင်းခြင်းဖြင့် ကျွေးမွေးလျှင် ဝိညာဉ်သည် “ချိုသော အရာတို့၌ မိမိကိုမိမိ မွေ့လျော်စေ လိမ့်မည်” (ဟေရှာယ ၅၅း၂)။

နှုတ်ကပတ်တော်အတွက် ဝိညာဉ်ရေးရာ အစာစားချင်သည့် စိတ်ပျောက်ဆုံး သွားလျှင် လောက အရာများသည် နှလုံးသားထဲသို့ တစိမ့်စိမ့်စီးဝင်လာခြင်းသည် သဘာဝပင်ဖြစ်သည်။ အသက်တာ၌ ဘုရားသခင်၏နှုတ်ကပတ်တော်နှင့် သန့်ရှင်းသော ဝိညာဉ်တော်၌ အခြားသော အရာတစ်စုံတစ်ခုသည် နေရာယူသည်။ ထိုကြောင့် ယောဟန်သည် မျက်စိနှင့် ကိုယ်ကာယ တပ်မက်မှုများဖြစ်သော လောက အရာများကို မြတ်နိုးခြင်းမပြုရန် သတိပေးထားခြင်းဖြစ်သည် (၁ယော ၂း၁၅)။ အခန်းငယ် ၁၇ တွင် “လောကနှင့်လောကီတပ်မက်ခြင်းသည် ရွှေ့သွားကွယ်ပျောက် တတ်၏။ ဘုရား သခင်၏ အလိုတော်နှင့် အညီ ကျင့်သောသူမူကား၊ နိစ္စထာဝရတည်၏” ဟု ဖော်ပြထားသည်။ ထိုကြောင့် ကျွန်ုပ်တို့သည် နှုတ်ကပတ်တော်ကို ယုံကြည်ခြင်းအားဖြင့် ကျင့်ဆောင် သူများဖြစ်ရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် သခင်ယေရှုကို ချစ်ကြလျှင် ကိုယ်တော်၏ နှုတ်ကပတ် တော်ကို စောင့်ရှောက်ရကြမည် ဖြစ်သည် (ယောဟန် ၁၄း၂၁-၂၃)။

ကျွန်ုပ်တို့သည် ကိုယ်တော်၏နှုတ်ကပတ်တော်ကို စိတ်ပါဝင်းစားမှုကို မည်သို့ဆုံးရှုံးစေနိုင်၍ ကယ်တင်ခြင်းကို မည်သို့လျစ်လျူရှုနိုင်ကြသနည်း။ ကျွန်ုပ်တို့ သည် မိမိကယ်တင်ခြင်းကိုလျစ်လျူရှု လျှင် ကယ်တင်ခြင်းရရှိကြကြောင်း မည်သို့ သိရှိနိုင်ကြမည်နည်း(ဟေဗြဲ ၂း၁-၃)။ “ဤ မျှလောက် ကြီးစွာသော ကယ်တင် တော်မူခြင်း တရားကို ငါတို့သည် နားမထောင်ဘဲနေလျှင်၊ အပြစ်ဒဏ်နှင့် အ ဘယ်သို့ လွတ်ကြလိမ့်မည်နည်း ”ဟု ကျွန်ုပ်တို့ကို သတိပေးသည်။ ကျွန်ုပ်တို့သည် ဘုရား သခင်နှင့်အ တူလျှောက်လှမ်းရာတွင် သတိမမူကြလျှင် ကြီးမားသောအန္တရာယ်ရှိသည်။ ကျွန်ုပ်တို့သည် ဘုရားသ ခင်နှင့်အတူလျှောက်လှမ်းခြင်းမရှိဘဲ လူတစ်ယောက်သည် ကယ်တင်ခြင်းရရှိနိုင်သည်ဟု ယုံကြည် ခြင်းသည် မိစ္ဆာယုံကြည်မှုဖြစ်သည်။ ကျွန်ုပ်တို့ သည် အဆုံးထိတိုင်အောင် ရောင့်ရဲတင်းတိမ်မှုအပြည့် အဝဖြင့် အသက်ရှင်လျှင် ခရစ်တော်၏ အိမ်တော်သားများဖြစ်လာကြမည် (ဟေဗြဲ ၃း၁၄)။

လျှို့ဝှက်သောအပြစ်များ

ခရစ်ယာန် တစ်ဦးသည် နှုတ်ကပတ်တော်ဆာငတ်မှု ပျောက်ဆုံး၍ ဇာတိပကတိ အားဖြင့်သာ အသက်ရှင်နေသောအခါ စာတန်သည် ဘုရားသခင် တစ်ပါးတည်း သာမြင်တွေ့နိုင်သော လျှို့ဝှက်သောအပြစ်-ရန်လိုခြင်း၊ အတ္တဆန်ခြင်း၊ မုန်းတီးခြင်း၊ ခါးသီးခြင်း၊ မနာလိုခြင်း၊ ဆိုသောအတွေးအခေါ်များ၊ မာန်မာန၊ သနားကြင်နာမှု မရှိခြင်း၊ နှင့်အခြားအပြစ်များတို့ကို သူ၏နှလုံးသားသို့ ထည့်သွင်းလာသည်။ သခင်ယေရှု မိန့်တော်မူသည့်အတိုင်း ဤအရာများသည် လူကိုညစ်ညမ်းစေသော အရာများဖြစ်ကြသည် (မဿဲ ၁၅း၁၈)။ ဝိညာဉ်ရေးရာနှလုံးသားအခြေအနေကို လူများကို သာမန်မျက်စိခြင်းမမြင် နိုင်ပေ။ ဤစိတ်ဒုက္ခမှာ သာမန်လူများ မြင်တွေ့နိုင်သော အရာဖြစ်သလော။ လူသားများ၏ နှလုံးသား ၌ရှိနေသောနာကျင်မှု များသည် အခြားသူများက မျက်စိဖြင့် မမြင်နိုင်ကြပေ။ သူသည် လူကောင်းလူ မွန်ကဲ့သို့ ဖြစ်လာနိုင်သည်။ သို့သော် သူသည် မိမိနှလုံးသား၌ရှိသော နာကျင်မှုများကို သိသည်။ သူသည် နှလုံးသား၌ ကြီးမားသောတိုက်ခိုက်မှုနှင့်နာကျင်မှုများခံစားသောအခါ အခြားသူများက ထိုသူ သည် နာမကျန်းသောသူဖြစ်သည်ကို သိကြလိမ့်မည်။

ထိုကြောင့် ခရစ်ယာန်တစ်ဦးသည်ဘုရားသခင်နှင့်မိတ်သဟာယဖွဲ့ခြင်းမရှိ “ပထမမေတ္တာ” ကို ပျောက်ဆုံးနေလျှင် သူသည် နာမကျန်းသောသူဖြစ်ပါသည်။ ဘုရား သခင်၏ နှုတ်ကပတ်တော်နှင့် ဆုတောင်းခြင်းပျောက်ဆုံး၍ ဆာငတ်မှု မရှိတော့သည်ကို သူသိသည်။ စာတ်သည် နာကျင်မှု ခံစားခြင်း၊ သဝန်တိုခြင်း၊ မနာလိုခြင်းနှင့်မာန်မာနများကို ထည့်သွင်းရန် အခွင့်ယူခြင်းခြင်း ဖြစ်သည်။ ဤအရာသည် ဝိညာဉ် ရေးရာနှလုံးသားအခြေအနေဖြစ်သည်။ ဤလျှို့ဝှက်သော အပြစ်များသည် အမြစ်တွယ်၍ အညောက်ပေါက်ကာ ခက်ထန်သော စကားပြော၍ အမှားမပြုမချင်း အခြားသူများက ထိုအပြစ်များကို သိကြလိမ့်မည် မဟုတ်ပေ။ ထိုနောက် ဤ အပြစ်များသည် သူတစ်ပါး မြင်တွေ့နိုင်သောအရာ အဖြစ် သိသာ ထင်ရှားလိမ့်မည်။

“ပထမမေတ္တာ”ကို ဆုံးရှုံးသွားသောသူများစွာတို့သည် မိမိကိုယ်ကို နှစ်သိမ့်သော အသက်တာမျိုးဖြင့်အသက်ရှင်၍ ဘုရားကျောင်းသို့မှန်မှန်တက်ရောက်ကာ နှုတ်ကပတ်တော် ကိုဖတ်ရှုကြသော်လည်း ထူးခြားမှုမရှိကြပေ။ သူတို့သည် ဘုရား သခင် အတွက်သက်သေခံကြသော်လည်း ဘုရားသခင်၏ ဝိညာဉ်တော် ဘိသိက်ခြင်းမခံစားရကြသောကြောင့် နားထောင်သောသူများ၏နှလုံးသား၌ သူတို့၏ သက်သေခံချက်များ ဝင်ရောက်ခွန်အားယူစရာမရှိပေ။ ဝမ်းနည်းစရာမှာ ပထမ မေတ္တာကို ဆုံးရှုံးသော အသက်တာ၌ စိတ်ပျက်ခြင်းနှင့် နာကျင်မှုများက နေရာမှစ၍ ဘုရားသခင်နှင့် တည့်မတ်ခြင်း၊ မိတ် သဟာယဖွဲ့ခြင်းမရှိနိုင်တော့ပေ။

နောင်တရ၍ ပထမလုပ်ငန်းများကိုလုပ်ဆောင်ခြင်း

ပထမမေတ္တာကိုဆုံးရှုံးသွားသောသူများသည် အလွန်အန္တရာယ်ရှိသော အသက် တာဖြင့်အ သက်ရှင်တတ်ကြသည်။ သူတို့သည် လူကောင်းများဖြစ်၍ ကောင်းမှု ကုသိုလ်များစွာပြုခဲ့ကြ သော်လည်း ဘုရားသခင်နှင့်သူတို့အပေါ် အားရဝမ်းမြောက်တော်မူခြင်းမရှိပေ။ ကိုယ်တော်သည် ကျွန်ုပ်တို့၏ ပထမမေတ္တာကို အလိုရှိတော်မူသည်။ ကျွန်ုပ်တို့သည် လုပ်ဆောင်ချက်များအားဖြင့် မိမိယုံကြည်မှု ကို ထင်ရှား စေကြလိမ့်မည်။

“သင်သည်မတရားသောသူတို့ကို လက်မခံနိုင်ကြောင်းကိုငင်း၊ တမန်တော် မဟုတ်ဘဲ၊ တမန် တော်ဖြစ် ယောင်ဆောင်သောသူတို့ကို စစ်ဆေး၍ လှည့်ဖြားသောသူဖြစ်သည်ဟု သိကြောင်းကိုငင်း၊ ခန္တီနှင့်ပြည့်စုံ၍။ ငါ၏ နာမကြောင့်ဆင်းရဲခံ၍ အားမလျော့ကြောင်းကိုငင်းငါသိ၏။ သို့သော်လည်း၊ သင်သည် ရှေ့ဦးစွာသောချစ်ခြင်း မေတ္တာလျော့ပြီဟုသင်၌ အပြစ်တင်စရာရှိ၏။ ထိုကြောင့်၊ သင်သည် မရွေ့လျော့မှီ ၊ အရင်နေရာ အရပ်ကို အောက်မေ့လော့၊ နောင်တရလော့။ ရှေ့ဦးစွာသော အကျင့်ကို ကျင့်လော့၊ သို့မဟုတ်သင်ရှိရာ သို့ငါသည်အလျင်အမြန်လာမည်။ နောင်တမရလျှင်၊ သင်၏ မီးခွက်ကို နေရာမှရွေ့မည် ” (ဗျာဒိတ် ၂း၂-၅)။

နောင်တရခြင်းနှင့် ဘုရားသခင် ထံတော်သို့ပြန်လှည့်ခြင်းသည် သင်၏ နှလုံးသား၌ ပထမ မေတ္တာရရှိခြင်း ဖြစ်သည်။ ဤအရာသည် ဝိညာဉ်ရေးရာ မကျန်းမာသော သူအတွက် ကုသနည်းတစ်ခု ဖြစ်သည်။ ဘုရားသခင်သည် အပြစ် ကျူးလွန်သောကောင်းကင်တမန်ပင်လျှင် ချန်ထားတော်မမူပေ။ ထိုကြောင့် “ဤ မျှလောက် ကြီးစွာသော ကယ်တင်တော်မူခြင်းတရားကို ငါတို့သည် နားမထောင်ဘဲနေလျှင်၊ အပြစ်ဒဏ်နှင့် အဘယ်သို့ လွတ်ကြလိမ့်မည်နည်း ”(ဟေဗြဲ ၂း၃)။ ကျွန်ုပ်တို့သည် နေ့တိုင်း နှုတ်ကပတ်တော်ကို အစာကိုစားရကြ၍ တိတ်ဆိတ်သော နေရာသို့သွားကာ ဆုတောင်းခြင်းနှင့် နှုတ်ကပတ်တော်ဆင်ခြင်းအားဖြင့် ကိုယ်တော်နှင့် အတူများစွာ အချိန်ယူရကြမည် ဖြစ်သည်။ ဤအ ရာသည် ငြိမ်သက်ခြင်းရရှိရန်နှင့် ဘုရားသခင်နှင့်မိတ်သဟာဖွဲ့ရန်ဖြစ်စေသောအရာ ဖြစ်သည်။

“ထိုသူ၏ နာမကို အသက်စာစောင်မှ ငါသည် အလျှင်းမချေ။ ငါ့ခမည်းတော်ရှေ့၌ ၎င်း၊ ကောင်း ကင်တမန်တော်တို့၌ဌင်း သူ၏ နာမကို ငါဝန်ခံမည် ” (ဗျာဒိတ် ၃း၅)။

နောက်ဆုံးသောကာလတွင် ခရစ်တော်အတွက် အသက်ရှင်ခြင်း

(Living For Christ In The End Times)

By David R. Reagan

နောက်ဆုံးသောကာလတွင် လူမှုအဖွဲ့အစည်းများသည် ပဋိပက္ခများ ပေါ်ပေါက် လာ၍ လူများသည် နေဇေခေတ်ကဲ့သို့ ဆိုးသွမ်းကြလိမ့်မည်ဟု ကျမ်းစာက တိကျ ရှင်းလင်းစွာ သွန်သင်ထားသည် (မဿဲ ၂၄း၃၇-၃၉)။ တမန်တော်ရှင်ပေါလုက ပရောဖက် တစ်ပါးအဖြစ် လူမှုအသိုင်းအဝိုင်းတွင် အကျင့်စာရိတ္တပျက်ပြားမှုများ၊ သောင်းကျန်း အနိုင်ကျင့်မှုများနှင့် ဘုရားတရားမဲ့ နေခြင်းများ ပေါ်ပေါက်လာမည်ဟု ပြောထားသည် (၂ တိ ၃း၁-၅)။ လူများသည် "မိမိကိုယ်ကိုယ်ချစ်မည်။ ငွေကြေးကိုချစ်ကြမည်" "ပျော်ရွှင်ခြင်းကိုသာ ချစ်ကြမည် " ဟု သူထည့်သွင်းဖော်ပြထားသည်။ လူများသည် *"ဝါကြွားကြမည်။ လောဘကြီးကြမည်" "ညစ်ညမ်းကြမည်"* သားသမီး တို့သည်လည်း *"မိဘကို နာခံခြင်းမရှိနေ ကြမည်"* ဖြစ်သည်။

ညနေသတင်းကောင်းများနားထောင်လျှင် ဤသို့ဖြစ်ကြသည်မဟုတ်လော။ အတိုချုံး၍ပြောရလျှင် ကျွန်ုပ်တို့သည် ဤအချိန်သို့ရောက်နေပြီ ဖြစ်သည်။

ညှဉ်းပန်းနှိပ်စက်ခြင်း၏ လက္ခဏာများ

ကျွန်ုပ်တို့သည် ဤလက်ရှိဖြစ်ပျက်နေသောအခြေအနေများကို လေးလေး နက်နက်စဉ်းစားသင့်သည်။ကျွန်ုပ်တို့သည် ချစ်လှသောအမေရိက ပျက်စီးခြင်းကို မျက်ဝါးထင်ထင်မြင်တွေ့ခဲ့ကြသည်။ ဤအရာများဖြစ်ပျက်လိမ့်မည်ဟု သခင်ယေရှုနှင့် ပေါလုတို့လည်း ပရောဖက်ပြုခဲ့ပြီးဖြစ်သည်။ အသင်းတော်သည် တိုက်ခိုက်မှုခံရ၍ ခရစ်ယာန်များသည် ညှဉ်းပန်းနှိပ်စက်မှုခံရကြလိမ့်မည်။

မတရားမှုများ တိုးပွားလိမ့်မည်ဟု သခင်ယေရှုမိန့်တော်မူခဲ့သည်။ "မတရား သော အမှုတို့သည် များပြားသဖြင့် အများသောသူတို့၏ ချစ်ခြင်းမေတ္တာသည် ခေါင်းပါး လိမ့်မည် " (မဿဲ ၂၄း၁၂)။ ယုံကြည်ခြင်းအားကြီးသောခရစ်ယာန်များသည် *"လှဲကျ"* ၍ ခရစ်တော်၌ သူတို့၏အရင်က ညီအစ်ကို မောင်နှမများ၏ ညှဉ်းပန်းနှိပ်စက်မှုကိုခံရကြလိမ့်မည်ဟု ကိုယ်တော်မိန့်တော်မူခဲ့သည်(မဿဲ ၂၄း၁၀)။

လူများသည် *“ကောင်းသောအရာကို မုန်းတီးသူများ”* ဖြစ်ကြ၍ ဖြောင့်မတ်ခြင်းတရားအ တွက် ရပ်တည်သောသူများကို *“မတရားနှိပ်စက်ခြင်း”* နှင့် *“ပုန်ကန်ခြင်း”* ခံရလိမ့် မည်ဟု ပေါလုက ညွှန်ပြသည် (၂တိ ၃း၂-၅)။

ကျွန်ုပ်တို့သည် အမေရိကနိုင်ငံနှင့်တစ်ကမ္ဘာလုံးတွင် ဤပရောဖက်များကို ယနေ့ အမှန်အ ကန်ပြည့်စုံနေသည်ကို မျက်စိများဖြင့် မြင်တွေ့နေကြသည်။ ကျွန်ုပ်တို့ယဉ်ကျေးမှုများသည် လောက အရာများနှင့် ဘုရားတရားမဲ့နေခြင်းက လွှမ်းမိုးသဖြင့်၊ ခရစ်ယာန်ဘာသာ၊ အသင်းတော်နှင့် ခရစ်ယာန် များသည် “ရုပ်တုများ” ပမာ တိုက်ခိုက်ခြင်းကို အလွန်အမင်းခံစားနေရသည်။ တိုက်ခိုက် မှုသည်အလွန် ပြင်းထန် သော ကြောင့် ခရစ်ယာန်များသည် ဖြောင့်မတ်ခြင်းတရားအတွက် မားမား မတ်မတ်ရပ်တည်ရန် အလွန်ခက်ခဲလာသည်။ လုပ်ငန်းများ လက်လွတ်ဆုံးရှုံးလိမ့်မည်။ အလုပ် အကိုင်များ ဖျက်စီးခြင်းခံရလိမ့်မည်။ ခရစ်ယာန်များသည် လိင်တူ ဆက်ဆံသော သူများအား ဆန့်ကျင် တိုက်ခိုက်သော စကားပြောဆိုခြင်းအတွက် ထောင်ချခြင်းခံရကြလိမ့်မည်။ ဤသို့ဟော ပြောခြင်းကြောင့် သူတို့အား “ရာဇဝတ် ကျူးလွန်သူများ” အဖြစ် မုန်းတီးခြင်း ခံရကြလိမ့်မည်။

ကျွန်ုပ်တို့သည် မိမိယုံကြည်ခြင်းအတွက် ဒဏ်ခတ်ခြင်း၊ အနှောင့်အယှက်နှင့် ညှဉ်းပန်းနှိပ် စက်ခြင်းများခံရသောအခါ သခင်ယေရှုကို ချစ်ကြသောကျွန်ုပ်တို့သည် မည်သည့်အရာကို လုပ် ဆောင်ကြမည်နည်း။ နောက်ဆုံးသောအချိန်များတွင် ကျွန်ုပ်တို့သည် ခရစ်တော်အတွက်မည်သို့ အသက်ရှင် သင့်သနည်း။ အောက်တွင် လမ်းညွှန်ချက် အနည်းငယ်ကို ဖော်ပြလိုပါသည်။

၁။ ပထမဦးစားပေးမည့်အရာများ -သင်သည် မိမိဘဝတွင် ဘုရားသခင်ကို ပထမနေရာတွင် အမြဲတမ်း ထားရှိခြင်းမှအစပြုပါ။ ရိုးသားဖြူစင်သောစိတ်ရှိပါ။ ဂိမ်းမဆော့ပါနှင့်။ ကလေးလေးကဲ့သို့ မနေပါနှင့်။

ခရစ်ယာန် အများစုတို့သည် မည်သည့်အရာကို ပထမဦးစားပေးရကြမည်ကို မသိဘဲ ဇဝေဇဝါ ဖြစ်နေကြသည်။ သူတို့က အလုပ်နှင့် လုပ်ငန်းကို ပထမနေရာတွင် ထားတတ် ကြသည်။ မိသား စုကို ဒုတိယနေရာနှင့် ဘုရားကို တတိယနေရာတွင် ထားတတ်ကြသည်။ အားကစားနှင့် အခြားသောအရာ များစတုတ္ထနေရာတွင် ထားတတ် ကြသည်။

ဤမေးခွန်းကို မိမိကိုယ်ကို မေးပါ။ ဘုရားသခင်သည် သင့်အား သင်တောင်း ဆိုသောအရာတစ် ခုကို ချပေးတော်မူမည်ဆိုပါက သင်မည်သည့်အရာကို တောင်း လျှောက် လိမ့်မည်နည်း။ ငွေကြေး လော။ တန်ခိုးလော။ နာမည်ကျော်ကြားခြင်းလော။ အောင်မြင်မှုလော။

ရှေလမုန်က ဥဿဝ်ပညာအတွက် တောင်းလျှောက်ခဲ့သည်။ သို့သော် ဒါဝိဒ်သည် ဘုရားသခင်နှင့်ရင်းနှီးကျွမ်းဝင်မှုကို ထောင်ပေါင်းများစွာ တောင်းလျှောက်ခဲ့သည် (ဆာလံ ၂၇း၄)။ သူသည် ဘုရားသခင်ကို ပထမနေရာတွင် ထားခဲ့သောကြောင့် ဆာလံ ၂၇ တွင် သူသည် အသက်ရှင်ခြင်း (အခန်း၁၊ ၁)နှင့် သေခြင်း (အခန်း၁၊ ၁၃)ကို မကြောက်ကြောင်း ပြောသည်။ ထိုကြောင့် သူသည် *"ဘုရားသခင်၏နှလုံးတော်ကို တို့ထိသောသူ"* (တမန် ၁၃း၂၂)အဖြစ် သတ်မှတ်ခြင်းခံရသည်။

၂။ နှုတ်ကပတ်တော်၌ ရပ်တည်ပါ - နောက်ဆုံးသောအချိန်ကာတွင် လှည့်ဖြား သူများပေါ်ပေါက်လာလိမ့်မည်ဟု ကျမ်းစာက ပြောသည် (မသဲ ၂၄း၂၄၊ ၁တိ ၄း၁၊ ၂တိ ၄း၃-၄)။ ထိုပရောဖက်ပြုခြင်းပြည့်စံရန်အတွက် ယနေ့ ကျွန်ုပ်တို့သည် မှားယွင်းသော အရာများအားဖြင့် လုံးပန်းနေရကြသည်။ ခရစ်ယာန် မိစ္ဆာအယူဝါဒများ၊ အနောက်တိုင်း ဘာသာ တရားများနှင့် ခေတ်သစ်လူပ်ရှားမှုများသည် ခရစ်ယာန်ဘာ သာ၌ ကမောက် ကမ ပေါ်ပေါက်နေသည်။

ခရစ်ယာန် အများစုတို့သည် မိမိယုံကြည်သောအရာကို တိကျစွာမသိကြသောကြောင့် ယုံကြည်ခြင်းအားကြီးသောခရစ်ယာန်များသည် ဝိညာဉ်ရေးရာ၌ ဇဝဇဝါ ဖြစ်နေကြသည်။ သူသည် မိမိ ယုံကြည်ခြင်းကို ဆန်းစစ်သောအခါ သူသည် ဘာကြောင့် ယုံကြည်သည်ကို မသိပေ။

လူတိုင်းသည် လှည့်ဖြားခြင်းခံနိုင်ကြသည်။ သင်သည် လှည့်ဖြားခြင်းမခံစားရန် မိမိကိုယ်ကို စောင့်ရှောက်လျှင် သင်သည် နှုတ်ကပတ်တော်နှင့်အသက်ရှင်၍ နေ့တိုင်း နှုတ်ကပတ်တော်ကိုအာရုံပြုရမည် ဖြစ်သည်။ သင်သည် နှုတ်ကပတ်တော်အားဖြင့် အရာခပ်သိမ်းကို စစ်ဆေးရမည် (၁ယော ၄း၁)။ ကျွန်ုပ်တို့သည် ကျမ်းစာကို မမှောက်လှန်ရန် သို့မဟုတ် ကျမ်းချက်များ၏အနက်အဓိပ္ပါယ်ကို လွဲမှားစွာ အနက်မဖွင့်ဆိုမိရန် သတိချပ်ရမည်။ အယူဝါဒတစ်ခုစီတိုင်းသည် ကမ္ဘာဦးကျမ်းမှ ဗျာဒိတ်ကျမ်းအထိ ကျမ်းစာပြောကြားသောအကြောင်းအရာများကို သေချာစွာ စစ်ဆေးရှာဖွေရန်လိုအပ်သည်။

၃။ ဘုရားသခင်၏ တန်ခိုးတော်ယုံကြည်ပါ - နောက်ဆုံးသောကာလတွင် လူမှုအသိုင်း အဝိုင်း၌ ပေါ်ပေါက်သောဆိုးသွမ်းမှု များကို မိမိခွန်အားအစွမ်းအစများအားဖြင့် အနိုင်ယူနိုင်မည် မဟုတ်ပေ။ မိမိအစွမ်းအစအားဖြင့်သာ ကြိုးစားသောသူများ ရှုံးနိမ့် လိမ့်မည်။ ကျွန်ုပ်တို့တစ်ခုတည်းသောမြော်လင့်ချက်မှာ အသက်ရှင်၍ ကောင်းမြတ် တော်မူ ထသော၊ ရာဇပလ္လင်တွင်စိုးစံတော်မူထာသော၊ ကျွန်ုပ်ဆုတောင်းသံကို နားညောင်း၍ အဖြေပေးတော်မူထသော၊ အံ့သြဖွယ်နိမိတ်လက္ခဏာများကို ပြုတော်မူထသော ဘုရားသခင်ထံတော်သို့ ပြန်လှည့်လာခြင်း ဖြစ်သည်။

ကျွန်ုပ်တို့သည် မိမိမယုံကြည်ခြင်းအားဖြင့် ဘုရားသခင်ကို ကန့်သတ်နိုင် ကြသည်ဟု ကျမ်းစာသွန်သင်သောအရာကို ကျွန်ုပ်တို့နားလည် သဘောပေါက် ရကြ မည်ဖြစ်သည်။ ဤအကြောင်းကို ကျွန်ုပ်တို့ လေးလေးနက်နက်ထားရမည့်အရာ ဖြစ်သည်။ ဤအကြောင်းကို စဉ်းစားကြည့်ပါ။ ဘုရားသခင်သည် အနန္တတန်ခိုးရှင် ဖြစ်တော်မူသော်လည်း (လုကာ ၁း၃၇)၊ တန်ခိုးမဲ့ဖြစ်နေသော ကျွန်ုပ်တို့သည် မယုံကြည် ခြင်းအားဖြင့် ကိုယ်တော်၏ တန်ခိုးတော်ကို ကန့်သတ်နိုင်ကြသည် (မာကု ၆း၁-၆)။ ဘုရားသခင်သည် ကျွန်ုပ်တို့အပေါ် အတင်းအဓမ္မပြုတော်မမူပေ။ ကျွန်ုပ်တို့သည် မိမိအစွမ်းအစအားဖြင့် အောင်မြင်ရန်ကြိုးစားနေကြလျှင် ကိုယ်တော် သည် ခွင့်ပြုတော်မူလိမ့်မည်။ ကျွန်ုပ်တို့သည် ယုံကြည်ခြင်းအားဖြင့် ကိုယ်တော်ကို ကိုးစားကြလျှင် ကိုယ်တော်သည် အမှုပြုတော်မူလိမ့်မည် (ယာကုပ် ၁း၆)။

၄။ အစဉ်အမြဲဆုတောင်းပါ - ယုံကြည်သူများအပေါ် ဘုရားသခင်ချပေးတော်မူသော အကြီးမားဆုံးသောကောင်းကြီးမင်္ဂလာတစ်ပါးမှာ ကိုယ်တော်သည် သဘာဝ ထက်သာလွန်သော ဆက်နွယ်ခြင်းဖြစ်သည်။ ကိုယ်တော်သည် ကျွန်ုပ်တို့အား စောင့်ရှောက် တော်မူသည် (၁ပေ ၅း၇)။ ကိုယ်တော်သည် ကျွန်ုပ်တို့နှင့် ဆက်သွယ်လိုတော်မူသည်(ယာကုပ် ၄း၈)။ ကိုယ်တော်သည် ကျွန်ုပ်တို့ကို ချစ်တော်မူသောကြောင့် ကျွန်ုပ်တို့နှင့် မိတ်သဟာယဖွဲ့လိုတော်မူသည် (ယောဟန် ၄း၂၃)။

ဝမ်းနည်းစရာတစ်ခုမှာ ယုံကြည်ခြင်းအားကြီးသောခရစ်ယာန်အများစုတို့သည် နောက်ဆုံးအပန်းဖြေစခန်းအဖြစ် ဆုတောင်းဟန်တူခြင်း ဖြစ်သည်။ သူတို့သည် မိမိလုပ်ဆောင်သောအရာများအားလုံး အဆင်မပြေဘဲ စိတ်ပျက်လက် ပျက်ဖြစ်သည့် အချိန်တွင်သာ ဆုတောင်းကြသည်။ အချို့တို့သည် မာန်မာနထောင်လွှားရန်အတွက် ဘုရားသခင်၏မျက်မှောက်တော်ကို ရှာဖွေတတ်ကြသည်။ ထိုကြောင့်ကျမ်းစာက မိမိကိုယ်ကို နှိမ့်ချရန် တိုက်တွန်းခြင်း ဖြစ်သည် (၁ပေ ၅း၆)။ အချို့တို့သည် မယုံကြည်ခြင်းကြောင့် ဆုမတောင်းတတ်ကြပေ။ ဘုရားသခင်သည် ပြုစုစောင့်ရှောက် တော်မမူဟု သူတို့ထင်တတ်ကြသည်။ သို့မဟုတ် ဘုရားသခင်သည် သမိုင်း၌ အမှု မပြုတော့ပေဟု သူတို့တွေးကြသည်။

သို့သော် ကျွန်ုပ်တို့သည် မတောင်းလျှောက်ကြသောကြောင့် ကျွန်ုပ်တို့မရရှိကြခြင်းဖြစ်သည်ဟု ကျမ်းစာက ပြောသည် (ယာကုပ် ၄း၂)။ သင်သည် မိမိပြဿနာများကို မိမိကိုယ်ကို ကိုင်တွယ်ဖြေရှင်းရန် ကြိုးစားခဲ့သောကြောင့် ဘုရားသခင်၏ ကောင်းကြီး မင်္ဂလာ မည်မျှ စားပွဲပေါ်တွင် ချန်ထားခဲ့ပါသနည်း။

၅။ သန့်ရှင်းသော ဝိညာဉ်တော်ကို အားကိုးပါ-ယုံကြည်ခြင်းအားကြီးသော ခရစ်ယာန်အများစုတို့သည် သန့်ရှင်းသော ဝိညာဉ်တော်ကို ကြောက်လန့်တတ်ကြသည်။ သူတို့သည် သန့်ရှင်းသော

ဝိညာဉ်တော် အကြောင်းကို အများအားဖြင့် မသိကြသောကြောင့်ဖြစ်သည်။ ဥပမာ အားဖြင့်၊ သူတို့သည် သန့်ရှင်းသော ဝိညာဉ်တော်သည် လူပုဂ္ဂိုလ်မဟုတ်သည်ဟု ထင်မှတ်ယူဆ တတ်ကြသောကြောင့် ဖြစ်သည်။

သန့်ရှင်းသောဝိညာဉ်တော်သည် ပုဂ္ဂိုလ်တစ်ဦးဖြစ်တော်မူသည်ဟု ကျွန်ုပ်တို့နား လည်သဘောပေါက်ရန် လိုအပ်သည်။ ယနေ့ လောကမှာ ဘုရားသခင်သည် လူဦးနှောက်ဖြင့် မစဉ်းစားနိုင်လောက်အောင် ဝိညာဉ်တော်အားဖြင့် အမှုပြုတော် မူသည်။ သူသည် နှစ်ဦးနှစ်ဘက် လိုက်လျောညီထွေစွာ အမှုပြုတော်မူသည်။ ဥပမာ အားဖြင့် သူသည် ဘုရားသခင်၏သတင်းကောင်းဟောပြောသူအဖြစ် အမှုပြု တော်မူသည်။ သူသည် လူသားများ၏နှလုံးသားၦ အမှုပြုတော်မူလျက် နောင်တတရားဖြင့် ကားတိုင်သို့ ခေါ်ဆောင်တော်မူသည်။ ယုံကြည်သူများနှင့်ပတ်သက်၍ သန့်ရှင်းသော ဝိညာဉ်တော်သည် ကျွန်ုပ်တို့အား တန်ခိုးနှင့်လမ်းညွှန်ချက်ကို ပြင်ဆင် ပေးတော်မူရန် ဘုရားသခင်ကိန်းဝပ်တော်မူသောရာ ဖြစ်တော်မူသည်။ သူသည် ကျွန်ုပ်တို့ကို မစသူဖြစ်သည်။ သန့်ရှင်းသော ဝိညာဉ်တော်၏ အဓိကကျသော အခြေခံ လုပ်ဆောင်ချက်မှာ နေ့စဉ်နေ့တိုင်း ယုံကြည်သူများသည် သခင်ယေရှု၏ပုံ သဏ္ဌာန်တော်နှင့်ပို၍ တူရန် ပုံသွင်းပြုပြင်ပေးခြင်း ဖြစ်သည် (၂ကော ၃း၁၇-၁၈)။

ခရစ်ယာန်အသက်တာ၏ အခက်ထန်ဆုံးသောအရာတစ်ခုမှာ ကျွန်ုပ်တို့သည် မိမိတန်ခိုးအားဖြင့် ဘုရားသခင်ကို အစေမခံနိုင်ကြခြင်း ဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်အား ထိရောက်စွာ အစေခံနိုင်သောနည်းလမ်းတစ်ခုမှာ ကျွန်ုပ်တို့အထဲၦ် ကိန်းဝပ်တော်မူသော သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးကို မှီခိုအားဖားခြင်းအားဖြင့် ဖြစ်သည်။ ကျွန်ုပ်တို့သည် သန့်ရှင်းသောဝိညာဉ်တော်ကို ဝမ်းနည်းစေနိုင်ကြသည် (၁သက် ၅း၁၉၊ ဧဖက် ၄း၃၀)။

ကျွန်ုပ်တို့သည် ဝိညာဉ်တော်နှင့်ပြည့်ဝရန်အတွက် နှုတ်ကပတ်တော်သည် ကျွန်ုပ်တို့အားခေါ်ဖိတ်သည် (ဧဖက် ၅း၁၈)။ သန့်ရှင်းသောဝိညာဉ်တော်သည် သင့် ဘဝ၏ ပလ္လင်တော်တွင် နေတော်မူသလော။ သို့မဟုတ် သူသည်ကြိုဆို ဧည့်ခံခြင်းမခံရသော ဧည့်သည်ဖြစ်သလော။ သင်သည် ဘုရားသခင်၏ ဝိညာဉ်တော်တန်ခိုးတော်ကို နေ့တိုင်းမှီခိုအားကိုးခြင်းမပြုဘဲ နောက်ဆုံးသော ကာလၦ် လူမှုအ ဖွဲ့အစည်း၏ဖိနှိပ်ချုပ်ချယ်မှုများကို ခံရပ်တိုက်ခိုက်နိုင်မည် မဟုတ်ပေ။

၆။ ယုံကြည်ခြင်းကို လက်တွေ့ကျင့်ဆောင်ပါ - အရာအားလုံးသည် လွယ်ကူ ချောမွေ့သည့်အချိန်တွင် ယုံကြည်ခြင်းသည် လွယ်ကူသည်။ ကျန်းမာရေးကောင်းမွန်၍ ဥစ္စာကြွယ်ဝသောအခါ ဘုရားသခင်၏ ဂုဏ်တော်ကိုချီးမွမ်းရန် လွယ်ကူသည်။ ပတ်ဝန်း ကျင်အခြေအနေအားလုံးသည် ကမောက်ကမဖြစ်နေ သောအချိန်များတွင် ယုံကြည် ခြင်းစမ်းသပ်မှု လာသည်။

ယုံကြည်သူများသည် ပန်းခင်းလမ်း၌ အမြဲတမ်းလျှောက်လှမ်းကြလိမ့်မည်ဟု ဘုရားသခင်က တိုပြုတော်မမူပေ။ ကျွန်ုပ်တို့သည် ယိုယွင်းပျက်စီးနေသောကမ္ဘာတွင် အသက်ရှင်နေကြသည်။ မိုးသည် တရားသောသူနှင့် မတရားသောသူများအပေါ် ရွာသွန်းသည်။ လူဆိုးတို့သည် ဥစ္စာ ကြွယ်ဝ ပြည့်စုံကြသည်။ ဖြောင့်မတ်သော သူများသည် အောင်မြင်မှုမရတတ်ကြပေ။

ဖြောင့်မတ်သောသူများသည် စိတ်အားသိမ်ငယ်ရန် အလွန်လွယ်ကူသည်။ ထိုကြောင့် ယုံကြည်ခြင်းကို လက်တွေ့ကျင့်ဆောင်ရကြမည် ဖြစ်သည်။ ပတ်ဝန်းကျင် အခြေ အနေများကို မှီခိုမယုံ ကြည်ခြင်းမကျင့်ဆောင်ကြပေ။ ဘုရားသခင်သည် ကိုယ်တော်ကို ချစ်သောသူတို့အတွက် ကောင်း သောအရာအားလုံးကို ပြင်ဆင်ပေးတော်မူသောကြောင့် ဘဝမှာ မည်သို့ပင် အခက်အခဲ ရှိစေကာမူ ယုံကြည်ခြင်းအားဖြင့် အသက်ရှင်ကာ ယုံကြည်ခြင်းကို လက်တွေ့ ကျင့်ဆောင်ရကြမည် ဖြစ်သည် (ရောမ ၈း ၂၈)။

ယုံကြည်သူများသည် ဆင်းရဲဒုက္ခခံစားရကြလိမ့်မည်မဟုတ်ပေဟု ဘုရား သခင်ကတိပြုတော် မမူပေ။ ကျွန်ုပ်တို့သည် စုံစမ်းနှောင့်ယှက်ခြင်းခံရသောအချိန်တွင် ကျွန်ုပ်တို့နှင့်အတူ ကိုယ်တော်ရှိ တော်မူလိမ့်မည်ဟု ကိုယ်တော်ကတိပေးတော်မူသည်။ ကျွန်ုပ်တို့သည် *"ရေကိုဖြတ်သန်းသွားသည့် အချိန်"* နှင့် *"မီးခဲ့ဖြတ်သန်း သွားသော အချိန်"* များတွင် ကိုယ်တော်နှင့် ကျွန်ုပ်တို့ဘေးခဲ့ အတူ ရပ်တည် တော်မူလိမ့်မည်ဟု ကတိပြုတော်မူသည် (ဟေရာယ ၄၃း၂)။ ကျွန်ုပ်တို့သည် *"သေမင်း၏ အရိပ်ညွှန်း မိုးသော ချိုင့်ထဲသို့ လျှောက်သွားသောအချိန်၌ပင်လျှင်"* (ဆာလံ ၂၃း၄) ကိုယ်တော် သည် ကျွန်ုပ်တို့နှင့် အတူရှိတော်မူလိမ့်မည်ဟု ကတိပြုတော်မူခဲ့သည်။

သင့်ယုံကြည်ခြင်း၏ အရည်အချင်းမှာ အဘယ်အရာဖြစ်သနည်း။ ဘဝခက်ခဲ ကြမ်းတမ်းသော အချိန်တွင် ဘုရားသခင်ထံ ပြန်လှည့်မည်လော။ သို့မဟုတ် ကိုယ်တော်ကို မေးခွန်းထုတ်မည်လော။ သို့မဟုတ် ကိုယ်တော်ကို ကျိန်ဆဲမည်လော။ သန်မာသောယုံကြည်ခြင်းရှိနိုင်သော သော့ချက် တစ်ခုမှာ ဘုရားသခင်၏ နှုတ်က ပတ်တော် ကတိတော်များကို မှီခိုအားထားခြင်း ဖြစ်သည် (ဖိ ၄း၆-၇၊ ၁၁-၁၃၊ ၁၉)တို့ကို ကြည့်ပါ)။ သင်သည် ဘဝစိန်ခေါ်မှုများနှင့်ရင်ဆိုင်နေရသောအခါ ဆုတောင်း ခြင်း အားဖြင့် ထိုအရာများကို စတင်ကြွေးကြော်ပါ။

၇။ ထာဝရအမြင်ကို ဆက်လက်စောင့်ရှောက်ပါ -ကျွန်ုပ်တို့သည် လောက၌ အသက်ရှင် နေကြ သော်လည်း လောကသားများမဟုတ်ကြပေ (ယောဟန် ၁၇း၁၁,၁၆)။ ထို အရာသည် လိုက်လျှောက် ရန်အ လွန်ခက်ခဲသော နည်းစနစ်ဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်ကို မေ့ပျော့၍ ကျွန်ုပ်တို့ နေထိုင် သောလောကအရာကို အဓိကထားရန် အလွန်လွယ်ကူသည်။ နေ့တိုင်းတွေ့ကြုံသော

အရာများသည် ဖိနှိပ်မှုများသာဖြစ်သည်။ ထိုဖိနှိပ်မှုများမှအကြီးမားဆုံးသောအရာတစ်ခုမှာ လောက အရာ- လောကဏ္ဍ၏ ဘာသာ စကား၊ ဝတ်စားဆင်ယင်မှု၊ ကဖျော်ဖြေမှုနှင့် လောကအရာများကို တပ်မက် စွဲလန်းခြင်းဖြစ်သည်။ ထိုကြောင့် ကျမ်းစာတွင် ကျွန်ုပ်တို့သည် ဧည့်သည်အာဂန္တုများ၊ ခရီးသွား လာသူများနှင့် တိုင်း တပါးများဖြစ်ကြ၍ ဤလောက၌ ခရီးသွားဖြတ်သန်း လာသူများ ဖြစ်ကြသည်ဟု မကြာခဏ ခွန်အား ပေးတိုက်တွန်းခြင်း ဖြစ်သည် (ဟေဗြဲ ၁၁း၁၃၊ ၁၀ ၂း၁၁)။ ကျွန်ုပ်တို့သည် *"လောကအရာများကို မကြည့်ဘဲ အထက် အရာကိုသာ ကြည့်ရန်"* (ကော ၃း၂) တိုက်တွန်းခြင်းခံရကြသည်။ ကျွန်ုပ်တို့သည် လောက အရာများကို မချစ်ရန် သို့မဟုတ် ထိုအရာများ၌ ကျေနပ်ရောင့်ရဲမှုမရှိရန် (ရောမ ၁၂း၂၊ ၁ ယော ၂း၁၅-၁၆) ကျွန်ုပ်တို့အား သတိပေးထားခြင်းဖြစ်သည်။ ဤလောက၌ ကျွန်ုပ်တို့ အသက်တာကို မုန်းတီးရန် သခင်ယေရှုမိန့်တော်မူခဲ့သည် (ယောဟန် ၁၂း၂၅)။ "လောက အရာနှင့်မိတ်သဟာယဖွဲ့ သောသူကို ဘုရားသခင် မုန်းတီး တော်မူသည်" (ယာကုပ် ၄း၄)ဟု ယာကုပ်က ပြောခဲ့သည်။

လောကကို မုန်းခြင်းသည် မည်သည့်အရာကို ဆိုလိုသနည်း။ ယနေ့ လူမှုအဖွဲ့ အစည်းကို အနိုင်ယူသော ဆိုးသောလောကစနစ်ကို ကျွန်ုပ်တို့မုန်းတီးရကြမည်ကို ဆိုလိုသည်။ ကျွန်ုပ်တို့သည် အကြမ်း ဖက်ခြင်းနှင့် ကိုယ်ကျင့်တရားပျက်ပြားမှုများနှင့် ဘဝ ဖိနှိပ်ချုပ်ချယ်မှုများစနစ်ကို မုန်းတီး ရကြမည် ဖြစ်သည်။ ကောင်းကင်နိုင်ငံတော်မှ လောကသို့ သခင်ယေရှုယူဆောင်လာမည့် ငြိမ်သက် ခြင်း၊ ဖြောင့်မတ်ခြင်းနှင့် တရားမျှတခြင်း နေ့ရက်အတွက် မြော်လင့်တောင့်တ၍ ကျွန်ုပ်တို့ အသက် ရှင်ရကြမည်ဖြစ်သည်။

၈။ သခင်ယေရှုကို ကြည့်ပါ -ကျွန်ုပ်တို့သည် သခင်ယေရှုတစ်ပါးတည်းသာ ကြည့်၍ အသက်ရှင်ကြရန် ကျမ်းစာက ကျွန်ုပ်တို့အားပြောထားသည် (တိတု ၂း၁၃)။ ခရစ်ယာန် အများစုတို့သည် သခင် ယေရှုပြန်လည်ကြွလာတော်မူခြင်း မဟုတ်သော အခြားလော က အရာများကို မြော်လင့် တောင့်တ၍ လောကတွင် အသက်ရှင် တတ်ကြသည်။ သခင်ယေရှု ပြန်လည်ကြွလာ တော်မူခြင်းသည် "မင်္ဂလာရှိ သောမြော် လင့်ခြင်း" (တိတု ၂း၁၃)ဖြစ်သောကြောင့် ဤသို့ကျင့်ဆောင်ခြင်းသည် အလွန်ဝမ်းနည်း စရာပင်ဖြစ်လေသည်။ ကိုယ်တော်၏ ပြန်လည်ကြွလာတော်မူခြင်းသည် ချက်ချင်းပေါ်ပေါက် လိမ့်မည်။

အခြားပြဿနာတစ်ခုမှာ ခရစ်ယာန်အများစုတို့သည် ကျမ်းစာပရောဖက် အကြောင်းကို အ နည်းငယ်သာသိကြခြင်းဖြစ်သည်။ ထိုကြောင့် သူတို့သည် သခင် ယေရှု ပြန်လည် ကြွလာတော်မူခြင်း အကြောင်းကို ရင်ခုန်စိတ်ဝင်စားမှု မရှိကြပေ။ သင်မသိသောအရာတစ်စုံတစ်ခုအတွက် သင်သည် မည်သို့ ရင်ခုန်စိတ်ဝင်စား လိမ့်မည်နည်း။ လျစ်လျူရှုခြင်းသည် နမော်နမဲ့ဖြစ်စေသည်။ ကိုယ်တော်

ပြန်လည်ကြွေ လာခြင်းနှင့်ပတ်သက်၍ လျစ်လျူရှုခြင်းသည် အလွန်ဝမ်းနည်းစရာ ဖြစ်သည်။ ၎င်းက ထာဝရအမြင်ကို လုယူဖျက်ဆီးသည်။ ဤအရာက ပျောက်ဆုံးသောဝိညာဉ်များထံ သတင်းကောင်း ဟောပြောခြင်းကို နှောင့်ယှက်ဖျက်ဆီးသည်။ ဤအရာက သန့်ရှင်းသော အသက်တာအတွက် တန်ခိုးရှိသောစိတ်လှုံ့ဆော်မှုမရှိစေရန် တားဆီး ပိတ်ပင်သည်။

လူတစ်ဦးသည် သခင်ယေရှုပြန်လည်ကြွလာတော်မူခြင်းကို အမှန်အကန် ယုံကြည်သောအခါ သူသည် သန့်ရှင်းသော အသက်တာဖြင့်အသက်ရှင်၍ ဧဝံဂေလိ လုပ်ငန်း လုပ်ဆောင်ရန် စိတ်တက်ကြွခြင်းရှိလိမ့်မည်ဟု သင်မြင်တွေ့သည်။ သန့်ရှင်းခြင်းနှင့် ပတ်သက်၍ တမန်တော်ရှင်ယောဟန်က ဤ သို့ဖြင့် ဖော်ပြထားသည်။ “ချစ်သူတို့၊ ယခုတွင်ငါတို့သည် ဘုရား သခင်၏ သားဖြစ်ကြ၏။ နောက်မှ အဘယ်သို့သောသူ ဖြစ်မည်ဟု မထင်ရှားသေး။ သို့သော်လည်း ကိုယ်တော်သည် ထင်ရှား ပေါ်ထွန်း တော်မူသောအခါ၊ ငါတို့သည် ကိုယ်တော်နှင့် တူကြလတံ့ဟု ငါတို့သိကြ၏။ အကြောင်း မူကား၊ ကိုယ်တော်ဖြစ်တော်မူသည်အတိုင်းကို ငါတို့သည် မြင်ရကြလတံ့။ ထိုသို့ မြော်လင့်သောသူ မည်သည်ကား၊ ကိုယ်တော် သန့်ရှင်းတော်မူသည် နည်းတူ၊ ကိုယ်ကိုကိုယ် သန့်ရှင်း စေတတ်၏” (၁ယော ၃း၂-၃)။ ဧဝံ ဂေလိနှင့် ပတ်သက်၍ သခင်ယေရှုပြန်လာ ကြွလာ တော်မူခြင်း မရှိခြင်း အကြောင်းကို ပေတရုက ဤသို့ ဖော်ပြထားသည်။ “ငါတို့တွင် အဘယ်သူမျှ မပျက် စီးဘဲ၊ ရှိသမျှတို့သည် နောင်တရ စေခြင်းငှါ အလို တော်ရှိ၍၊ ငါတို့ကို သည်းခံ တော်မူ၏ ”(၂ပေ ၃း၉)။

ဝိညာဉ်ရေးရာ ကြည့်မှန်

ပေါလုသည် နောက်ဆုံးညွှန်ကြားချက်အတွက် ဝိညာဉ်ရေးရာကြည့်မှန်ကို ကျွန်ုပ်တို့အတွက် ပြင်ဆင်ပေးထားသည်။ “ငါတို့သည် မြော်လင့်လျက်၊ ဘုရားမဲ့ တရားမဲ့နေခြင်း၊ လောကီတပ်မက်ခြင်းကို ပယ်ရှားလျက်၊ ယခု ဘဝ၌ ဣန္ဒြေစောင့်ခြင်း၊ တရားသဖြင့်ကျင့်ခြင်း၊ ဘုရားဝတ်၌မွေ့လျော်ခြင်းတို့ကို ပြုနေရမည်အကြောင်း၊ ငါတို့ကို ဆုံးမသွန်သင်၍၊ လူအပေါင်းတို့ကို ကယ်တင်တတ်သော ဘုရားသခင်၏ကျေးဇူးတော်သည် ထင်ရှားပေါ်ထွန်းလျက်ရှိ၏ ”(တိတု ၂း၁၂-၁၃)ဟု သူဖော်ပြသည်။

သင်သည် ကြည့်မှန်ကို ကြည့်သောအခါ မည်သည့်အရာကို မြင်တွေ့သနည်း။ သင်သည် ဘုရားသခင်၏အလိုတော်နှင့်အညီ အသက်ရှင်လျှောက်လှမ်းသလော။ သင်သည် ဘုရားသခင်ကို ပထ မနေရာတွင် ထားသလော။ သင်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်အပေါ်ရပ်တည်၍ အရာအား လုံးကို နှုတ်ကပတ်တော်ဖြင့် စစ်ဆေး သလော။ သင်၏ဆုတောင်းသံကို နားညောင်းပြီးအဖြေပေး တော်မူ၍ အံ့သြဖွယ် နိမိတ်လက္ခဏာများပြုလုပ်တော်မူသော တန်ခိုးကြီးသော ဘုရားသခင်ကို သင်ယုံကြည်သလော။ သန့်ရှင်းသော ဝိညာဉ်တော်၏ တန်ခိုးတော်ကို နေ့တိုင် သင်အား ကိုး

သလော။ သင်သည် ယုံကြည်ခြင်းကို လက်တွေ့ကျင့်ဆောင်၍ သင့်ကို နှောက်ယှက် နေသော ဘဝအခက်အခဲများကို သင်ငြင်းပယ်နိုင်သလော။ သင်သည် ထာဝရအမြင်ကို စေ့စေ့ကြည့်၍ ဤလောက၏ ဇိမ်ခံပစ္စည်းများ ကို ရရှိရန် ငြင်းပယ်သလော။ သင်သည် နေ့တိုင်း သခင် ယေရှုကို စေ့စေ့ကြည့်သလော။ သင်၏နှလုံးသား၌ ချီဆောင်ခြင်းရှိသလော။ သင်၏နှုတ်ဖျား၌ "မာရနဿာ" ရှိသလော။

– ခွင့်ပြုချက်ဖြင့်အသုံးပြုသည်။ David R. Reagan serves as the Senior Evangelist for Lamb & Lion Ministries in McKinney, Texas. You can find out more about this ministry at

သခင်ယေရှု - ပြန်လည်ကြွလာတော်မူမည့်သူ

(Jesus – The One Who Is Coming Again)

By Rich Carmicheal

"ထိုနည်းတူ၊ ခရစ်တော်သည် လူများအပြစ်တို့ကိုခံခြင်းငှါ တခါတည်း ကိုယ်ကိုပူဇော်ပြီးမှ၊ နောက်တဖန် ထိုသခင်ကို မြော်လင့်လျက် နေသောသူတို့ကို ကယ်တင်ခြင်းအလိုငှါ၊ အပြစ်နှင့်မဆိုင်ဘဲ ပေါ်ထွန်းတော်မူလတံ့" (ဟေဗြဲ ၉း၂၈)။

ကျွန်ုပ်တို့သည် ခရစ်တော်၏ ဒုတိယအကြိမ်ကြွလာတော်မူခြင်းကို နားလည် သဘောပေါက်ရန် ဆန္ဒရှိကြလျှင် ထိုအရာနှင့်တွဲဖက်၍ ဖြစ်ပျက်နေသော အရာများကို အာရုံစူးစိုက်ရကြမည် ဖြစ်သည်။ ဒုတိယ အကြိမ်ပြန်လည်ကြွလာခြင်းသည် မည်သည့်အချိန်၊ မည်သည့်အရာနှင့် မည်သို့ဖြစ်လာမည်ကို စဉ်းစားခြင်းသည် တန်ဖိုးရှိ၍ အမြဲတမ်း စဉ်းစား တွေးခေါ်ရမည့်အရာမှာ မည်သူကြွလာ တော်မူမည်ကို အဓိက စဉ်းစားခြင်း ဖြစ်သည်။ သခင်ယေရှုသည် ပြန်လာကြွလာတော်မူမည်။ သခင်ယေရှု...

"ထိုသားတော်သည် မျက်မြင်မရသော ဘုရားသခင်၏ ပုံသဏ္ဌာန်တော်ဖြစ်၏။ ဝေနေယျသတ္တဝါ အပေါင်းတို့တွင်လည်း သားဦးဖြစ်တော်မူ၏" (ကောလော ၁း၁၅)။ ထို သားတော်သည် ဘုရားသခင်၏ ဘုန်းတော် ရောင်ခြည်နှင့် ဇာတိအဖြစ်တော်၏ ပုံသဏ္ဌာန်ဖြစ်တော်မူသည် (ဟေဗြဲ ၁း၃)။

"အကြောင်းမူကား၊ ထိုသားတော်သည် ကောင်းကင်ပေါ်၊ မြေကြီးပေါ်မှာရှိ သမျှသော ရူပအရာ၊ အရူပ အရာ၊ ရာဇပလ္လင်ဖြစ်စေ၊ အစိုးရခြင်းတန်ခိုးဖြစ်စေ၊ အထွဋ် အမြတ်ဖြစ်စေ၊ အာဏာ

စက်ဖြစ်စေ၊ ခပ်သိမ်း သောအရာတို့ကို ဖန်ဆင်းတော်မူ၏။ ထိုသခင်အားဖြင့်ငင်း၊ ထိုသခင်အဘို့ အလိုငှါငင်း၊ ခပ်သိမ်းသောအရာတို့ သည် ဖန်ဆင်း လျက်ဖြစ်ကြ၏ *"* (ကောလော ၁း၁၆)။

သားတော်သည်လည်း ခပ်သိမ်းသောအရာ မဖြစ်မှီ ဖြစ်တော်မူ၍ ခပ်သိမ်းသော အရာတို့ သည် တန်ခိုးတော်အားဖြင့်သာ တည်ကြ၏ (ကောလော ၁း၁၇)။ *"*ငါသည် အာလဖဖြစ်၏ ဩမေ ဃလည်း ဖြစ်၏။ အဦးဆုံးသောသူ၊ နောက်ဆုံးသော သူဖြစ်၏။ အစနှင့် အဆုံးလည်း ဖြစ်၏ *"* (ဗျာဒိတ် ၂၂း၁၃)။

...ထိုသူသည် အရာရာ၌ ထူးမြတ်ခြင်းငှါ မူလ အရင်းဖြစ်၍၊ သေသောသူတို့တွင် သားဦးဖြစ် တော်မူ၏ (ကောလော ၁း၁၈)။ ဘုရားသခင်သည် သူ၏နာမတော်ကို အမြင့် ဆုံးသောနေရာသို့ ချီးမြှောက်တော်မူ၍ နာမတကာတို့ထက်ကြီးမြတ်သော နာမတော် ကို ပေးတော်မူသည် (ဖိလိပ္ပိ ၂း၉)။

...သူသည် ကောင်းကင်နှင့်လောကတွင် အခွင့်အာဏာအားလုံးရှိသူဖြစ်သည် (မဿဲ ၂၈း၁၈)။ သူသည် *"မိမိတန်ခိုးနှုတ်ထွက်အားဖြင့် အရာအားလုံးကို ထိန်းချုပ် တော်မူသောသူ"* (ဟေဗြဲ ၁း၃) ဖြစ် သည်။

...သူသည် လောကီနိယာမအားလုံးနှင့်တန်ခိုးအားလုံးကို ဖျက်ဆီး၍ စာတန်၏ လုပ်ဆောင် ချက်များအားလုံးကို ဖျက်ဆီးက လောကကို အောင်သော သူဖြစ်သည် (ကောလော ၂း၁၅၊ ၁ယော ၃း၈၊ ယောဟန် ၁၆း၃၃)။

...သူသည် *"ရှင်ပြန်ထမြောက်ခြင်းနှင့် အသက်"* (ယောဟန် ၁၁း၂၅) ဖြစ်သည်။ အသက်ရှင်သူ ဖြစ်သည်။ အသေခံတော်မူ၍ သေခြင်းမှရှင်ပြန်ထမြောက်သူလည်း ဖြစ်သည်။ သေခြင်းနှင့်ငရဲ၏ သော့ကို ကိုင်တွယ်သောသူဖြစ်သည် (ဗျာဒိတ် ၁း၁၈)။ *"ထို သခင်သည် သေခြင်းအကြောင်းကို ပယ်ရှား၍၊ အသက်ရှင်ခြင်းအကြောင်းနှင့် မဖောက်ပြန်ခြင်းအကြောင်းကို ဧဝံရေလိတရားအားဖြင့် ထင်ရှားစေ တော်မူပြီ"* (၂တိ ၁း၁၀)။

...သူသည် *"ဘုရင်တကာတို့၏ ဘုရင်နှင့် အရှင်တကာတို့၏ အရှင်"* (ဗျာဒိတ် ၁၇း၁၄) ဖြစ်တော် မူသည်။ သူ့ကို *"သစ္စာရှိ၍ စစ်မှန်သော"* သူ ဖြစ်တော်မူသည်။ သူသည် ဖြောင့်မတ်စွာ တရားစီရင်၍ စစ်တိုက်သောသူဖြစ်သည် (ဗျာဒိတ် ၁၉း၁၁)။ *"*မျက်စိတော်သည် မီးလျှံကဲ့သို့ဖြစ်၏။ ခေါင်း တော်ပေါ်၌ သရဖူများကို ဆောင်း၏။ ကိုယ်တိုင်မှတပါး၊ အဘယ်သူမျှမသိသော နာမတော်သည် ရေးထားလျက်ရှိ၏*"* (ဗျာဒိတ် ၁၉း၁၂)။ *"*မျက်စိတော်သည် မီးလျှံကဲ့သို့ဖြစ်၏။ ခေါင်းတော်ပေါ်၌ သရဖူများကိုဆောင်း၏။ ကိုယ်တိုင်မှတပါး၊ အဘယ်သူမျှမသိသော နာမတော်သည် ရေးထား လျက်ရှိ၏ *"* (အခန်း ၎ယ် ၁၃)။

"...ဘုရားသခင်ကို မသိသောသူ၊ ငါတို့သခင်ယေရှုခရစ်၏ ဧဝံဂေလိတရားကို နားမ ထောင်သော သူတို့ကို မီးလျှံအားဖြင့် ဒဏ်ပေးတော်မူသောအခါ၊ သင်တို့ကို ဆင်းရဲ စေဘူးသော သူတို့၌ ဆင်းရဲခြင်းကိုငင်း၊ ဆင်းရဲခံရဘူးသော သင်တို့၌ ငါတို့နှင့်အတူ ချမ်းသာခြင်းကိုငင်း၊ ဘုရား သခင် ဆပ်ပေး၍ တရားသဖြင့် စီရင်တော်မူလိမ့်မည်" (၂သက် ၁း၇-၈)။

"...ယုံကြည်သော သူအပေါင်းတို့အားဖြင့် အံ့သြချီးမွမ်းခြင်းကိုငင်း၊ ခံအံ့သောငှါ ကြွလာ တော်မူ သောနေ့ရက်၌၊ ထိုသူတို့သည် သခင်ဘုရား၏ မျက်နှာတော်နှင့်ငင်း၊ တန်ခိုးရှိသော ဘုန်းတော် နှင့်ငင်းကွာ၍ ထာဝရ ပျက်စီးခြင်းတည်းဟူသော အပြစ်ဒဏ်ကို ခံရကြလတံ့" (အခန်းငယ် ၁၀)။

... သူသည် *"အသက်ရှင်တော်မူသောဘုရားသခင်၏သားတော်၊ ခရစ်တော် ဖြစ်သည်"* (မဿဲ ၁၆း၁၆)။ သူသည် ဘုရားသခင်၏ အိမ်တော်ကို သစ္စာရှိ စွာဖြင့် အုပ်ချုပ်သောသားဖြစ်တော်မူသည် (ဟေဗြဲ ၃း၆)။ သူသည် *"အသင်းတော်၊ ကိုယ် ခန္ဓာ၏ ဦးခေါင်း ဖြစ်သည်"* (ကောလော ၁း၁၈)။

...သူသည် *"လမ်းခရီး၊ သမ္မာတရား နှင့်အသက်"* ဖြစ်တော်မူသည်။ သူတစ်ပါးတည်းသာလျှင် ခမည်းတော်ထံသို့ ရောက်နိုင်သည် (ယောဟန် ၁၄း၆၊ တမန် ၄း၁၂)။ သူသည် ကျွန်ုပ်တို့အသက်၊ ထာဝ ရကယ်တင်ခြင်း၏ အုတ်မြစ်၊ နှင့် ကျွန်ုပ်တို့ ယုံကြည်ခြင်းကို စတင်ပြုစု၍ ပြည့်စုံစေသောသူ ဖြစ်တော်မူသည် (ကောလော ၃း၄၊ ဟေဗြဲ ၅း၉၊ ၁၂း၂)။

...သူသည် ကျွန်ုပ်တို့ကိုချစ်တော်မူသော သူဖြစ်သည်။ "ထိုသခင်သည် ငါတို့ အဘတည်းဟူ သော ဘုရား သခင်၏ အလိုတော်နှင့်အညီ ဆိုးညစ်သော ဤ ပစ္စုပ္ပန် ဘဝမှ ငါတို့ကို ကယ်နှုတ်ခြင်း ငှာ၊ ငါတို့အပြစ်ကြောင့် ကိုယ်ကို ကိုယ်အပ် ပေးတော်မူ၏" (ဂလာတိ ၁း၄)။ အမျက်ဒေါသမှ လည်းကယ် တင်တော်မူသည် (၁သက် ၁း၁၀၊ ဗျာဒိတ် ၁း၅)။ သူသည် "ထိုသခင်သည် မိမိရှေ့၌ ထားသောဝမ်း မြောက်ခြင်း အကြောင်းကြောင့်၊ ရှက်ကြောက်သောအရာ ကိုမမှတ်ဘဲ လက်ဝါး ကပ်တိုင်၌ ခံပြီးမှ၊ ဘုရား သခင်၏ ပလ္လင်တော် လက်ျာဘက်၌ထိုင်နေတော်မူ၏" (ဟေဗြဲ ၁၂း၂)။

...သူသည် လည်ပင်းဖြတ်ခြင်းခံရသောဘုရားသခင်သိုးသငယ်ဖြစ်သည်။ သူသည် "လူမျိုး နွယ်စု အားလုံး၊ ဘာသာ စကားပြောဆိုသူ အားလုံး" (ဗျာဒိတ် ၅း၉)ကို ရွေးနှုတ် ကယ်တင် တော်မူရန် အတွက် အသွေးတော်ကို သွန်းလောင်းတော်မူခဲ့သည်။ သူသည် "အသေသတ်ခြင်းကို ခံခဲ့ပြီးသော သိုးသငယ်သည်၊ တန်ခိုး၊ စည်းစိမ်၊ ပညာ၊ အစွမ်း သတ္တိ၊ ဂုဏ်အသရေ၊ ဘုန်းအာနုဘော်၊ ကောင်းကြီး မင်္ဂလာကိုခံထိုက် တော်မူ၏" (ဗျာဒိတ် ၅း၁၂)။

...သူသည် ကျွန်ုပ်တို့ဝိညာဉ်များကို ထိန်းချုပ်၍ စောင့်ကြပ်တော်မူသော သိုးထိန်း ဖြစ်တော်မူသည် (၁ပေ ၂း၂၅)။ သူသည် ကျွန်ုပ်တို့ ကိုယ်ခန္ဓာများကို ဘုန်းတော်ဖြင့် ပြည့်ဝသော ကိုယ်ခန္ဓာ အဖြစ်သို့ ပြုပြင်ပြောင်းလဲပေးနိုင်သော တန်ခိုးရှိတော်မူသည် (ဖိလိပ္ပိ ၃း၂၁)။

...သူသည် "မိမိ ကောင်းကင် တမန်များနှင့် ခမည်းတော်ဘုရား၏ ဘုန်း အာနုဘော်တော် အားဖြင့်" (မဿဲ ၁၆း၂၇၊ ၉း၁၅) ပြန်လည်ကြွလာမည့် သတို့သား ဖြစ်သည်။ ဘုရား သခင်၏ ကောင်းကင်တ မန်များအားလုံးက ကိုယ်တော့်ကို ကိုးကွယ် ကြသည် (ဟေဗြဲ ၁း၆)။ သူသည် *"ဂုဏ်ပြု ခြင်းနှင့် ချီးမွမ်း ခြင်းသရဖူ"* ဆောင်းသောသူဖြစ်သည်။ သူ၏ ပလ္လင်သည် ထာဝရတည်တံ့သည်။ သူသည် ဘုန်းအာနု ဘော်တော်ကို အစဉ်အမြဲပိုင်ဆိုင်သောသူလည်း ဖြစ်တော်မူသည် (ဟေဗြဲ ၁း၈၊ ၂း၉၊ ၁၃း၂၁)။

ထိုသူသည် ကြွလာတော်မူသောသူဖြစ်သည်။ သခင်ယေရှုသည် ကြွလာတော်မူသည်။ ကိုယ်တော်ကို တွေ့ရန်အတွက် ပြင်ဆင်သူများအတွက် ထိုနေ့ရက်သည် အလွန် ဝမ်းမြောက်ဖျော်ရွှင်ဖွယ် ကောင်းသော နေ့ရက် ဖြစ်လိမ့်မည်။

သခင် ယေရှုက *"ငါသည် အလျင်အမြန်လာမည်မှန်ပေ၏"* ဟု မိန့်တော်မူခဲ့သည်။ ကျွန်ုပ်တို့ သည် *"အာမင်။ သခင် ယေရှု ကြွလာတော်မူပါ"* (ဗျာဒိတ် ၂၂း၂၀)ဟု ပြောသည်။

အဖဘုရားသခင်၏ လမ်းပြပို့ဆောင်ခြင်းအားဖြင့် **ပြန်လည်ကြွလာခြင်းသတင်းကောင်း** စာဆောင်ကို ပြန်လည် ထုတ်ဝေ နိုင်သောကြောင့် ဘုရားသခင်ကို အထူးကျေးဇူးတင်ပါသည်။ ဤသတင်းကောင်းကို ဖတ်ခြင်းအားဖြင့် ဓမ္မ မိတ်ဆွေများ ဝိညာဉ် ခွန်အားရရှိ သောကြောင့်လည်း အထူးဝမ်းသာပီတိဖြစ်ပါသည်။ ဤသတင်းကောင်းစာဆောင်ကို မြန်မာနိုင်ငံမှာ နေထိုင်သော မိတ်ဆွေများကို ဖတ်စေချင်ရင် အောက်ပါလိပ်စာသို့ ဆက်သွယ်နိုင်ပါသည်။

Rev.Run Lian
P.O.Box -1349, Yangon, Myanmar
No.31/217 Pyiduangsu Street, ward(2), Shwepyithar Township, Yangon, Myanmar
Tel: 0945211 23534 Email: dts4christ@gmail.com